ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်းတို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်၊ တနလၤာနေ့။ Monday, 30 December 2024 ၁၁၆၈၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ် တစ်ခုဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာ


(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်)

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့သည် ကရင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်နှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူးအခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ် အချိန်အခါကို နှစ်စဉ်ပြာသိုလဆန်း (၁)ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြုသတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူး အချိန်အခါသမယမှသည် နှစ်သစ်အတွက် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟု ယုံကြည်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ »»»



၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား

နေပြည်တော် ဒီဇင်ဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းပြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင်ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန် ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၁) နှင့် (၂) ၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

ယနေ့ ဖတ်စရာ

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ရှေ့သို့ချီမည် ပန်းတိုင်ဆီ ...
ဆောင်းပါး စာမျက်နှာ » ၆

မြို့တော်ကျွန်းစုဒေသထွက် သဘာဝငှက်သိုက်များ ယခုနှစ်တွင် ဝယ်လိုအားနည်း၍ ဈေးကွက်တည်ငြိမ်လျက်ရှိ
စာမျက်နှာ » ၁၀

ဓမ္မအမှုန်ဖြင့် အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းရာဆီ
ဆောင်းပါး စာမျက်နှာ » ၁၁

၂၀၂၄ ခုနှစ်၏ အကောင်းဆုံးတီထွင်မှုများ
နည်းပညာနှင့် သုတကမ္ဘာ
စာမျက်နှာ » ၂၃

နိုင်ငံတော်ကဂုဏ်ယူအားထားရသည့် သားကောင်းရတနာစစ်သည်များ

မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြဋ္ဌာန်းခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ဥပဒေအာဏာတည်အသက်ဝင်စေခဲ့သည်။ ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းထားရှိပြီး သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူများကိုသာ ဥပဒေနှင့်အညီ ဗဟိုအဖွဲ့က အတည်ပြုခန့်အပ်ပေးပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိရာ ယခုအခါ သင်တန်းအမှတ်စဉ် (၆)အထိ အောင်မြင်စွာသင်တန်းဆင်းပေးနိုင်ခဲ့သည်။

ကမ္ဘာပေါ်တွင် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတိုင်းသည် မိမိတို့၏ နိုင်ငံကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် နိုင်ငံသားအားလုံးတွင် တာဝန်ရှိသည်ဟု သတ်မှတ်ထားကြသည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် အမြဲတမ်းစစ်မှုထမ်းများသာမက အခြားသောနယ်ပယ်ကဏ္ဍအသီးသီးကလည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်လည်းတာဝန်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို တပ်မတော်ကသာ တာဝန်ယူထမ်းဆောင်ခဲ့ရာမှ ယခုအခါတွင် ပြည်သူ့စစ်မှုထမ်းများကပါ ပါဝင်ထမ်းဆောင်ကြပြီး နိုင်ငံတော်ကာကွယ်ရေးတွင် အင်အားတစ်ရပ်ဖြစ်လာခဲ့သည်။

ယနေ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို လက်တွေ့နယ်ပယ်တွင် ထမ်းဆောင်ကြမည့် စစ်သည်တော်လောင်းများနှင့် သင်တန်းဆင်းစစ်သည်တော်များအားလုံးတို့သည် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြသည်။ နိုင်ငံတော်နှင့် တပ်မတော်အပေါ်၊ မိမိရဲဘော်ရဲဘက်အချင်းချင်းအပေါ်နှင့် မိမိမိသားစုဝင်များအပေါ် ကတိသစ္စာပြု စောင့်ထိန်းကြသူများဖြစ်၍ ဂုဏ်ယူရမည့် စစ်သည်တော်များဖြစ်သည်။ နိုင်ငံတော်အလံကို လက်ဖြင့်ကိုင်တွယ်ထိတွေ့ပြီး သစ္စာ(၄)ချက်ကို ရွတ်ဆိုထားသူများဖြစ်၍ သစ္စာ(၄)ချက်အပေါ် စောင့်သိ၊ သစ္စာရှိကြသူများဖြစ်သည်။ မိမိနိုင်ငံတော်အပေါ်၊ မိမိနိုင်ငံသားများအပေါ်၊ မိမိတပ်မတော်သားများအပေါ်တွင် သစ္စာစောင့်သိကြသူများဖြစ်၍ လေးစားထိုက်သူများဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရဖြစ်စေ၊ မိမိစိတ်ဆန္ဒအရဖြစ်စေ တပ်မတော်သို့ ဝင်ရောက်လာကြသူများအား စစ်ဆင်ရေး၊ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်ကြရာတွင် တပ်မတော်အနေဖြင့် သိသင့်သိထိုက်သည့်၊ ရှိသင့်ရှိထိုက်သည့် စစ်ပညာရပ်များကို အခြေခံမှစ၍လိုအပ်သလို စနစ်တကျသင်ကြားလေ့ကျင့်ပြီးမှသာ တာဝန်ပေးအပ်ခြင်းဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းများအနေဖြင့် စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်အပါအဝင် အခြားသောစစ်ပညာရပ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်၍ တတ်မြောက်ထားသည့် စစ်အတတ်ပညာရပ်များဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိကြသည့် တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နိုင်ရန် မိမိတို့၏ဆန္ဒအလျောက် ဝင်ရောက်လာခဲ့ကြသူများဖြစ်သည်။ ပြည်သူလူထုနယ်ပယ်အသီးသီး အလွှာပေါင်းစုံမှ တပ်မတော်သို့ ဝင်ရောက်လာကြရာတွင် တူညီသော ယူနီဖောင်းများကိုဝတ်ဆင်၍ စစ်ပညာရပ်များကို အတူတကွစုပေါင်းသင်ကြားလေ့ကျင့်ပြီးသူများဖြစ်သည့်အတွက် အရောင်အသွေးတူ၊ အတွေးအမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်တူညီသောသူများဖြစ်ကြပြီး ရှေ့နောင်တော် တပ်မတော်သားများနှင့် အတူလက်တွဲ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဂုဏ်ယူစွာဖြင့် ကျေပွန်စွာထမ်းဆောင်ကြမည့် သားကောင်းရတနာများဖြစ်သည်။ နိုင်ငံတော်နှင့်တပ်မတော်ကယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းများ၊ မိသားစုအသိုက်အဝန်းက လေးစားတန်ဖိုးထားသည့် ပြည်သူ့သားကောင်းရတနာများဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

တပ်မတော်သားများဘဝကို ရရှိခံယူထားကြပြီးသူများဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်၏တာဝန်များကို အချိန်ပြည့်တာဝန်ထမ်းဆောင်နေကြသည့် ထူးကဲသော နိုင်ငံ့အမှုထမ်းများဖြစ်သည်။ တပ်မတော်သားများ၏ မွန်မြတ်သောစိတ်ဓာတ်ခံယူချက်များနှင့် တပ်မတော်၏ မွန်မြတ်သောအစဉ်အလာကောင်းများကို ထိန်းသိမ်းလိုက်နာပြီး နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရမည်ဖြစ်သည်။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေနှင့်ကြုံတွေ့ရတိုင်း နိုင်ငံတော်မပျက်မယွင်း၊ မပြိုကွဲအောင် ထိန်းသိမ်းနိုင်သည်မှာ ကျစ်လျစ်ခိုင်မာအင်အားတောင့်တင်းသည့် တပ်မတော်တစ်ရပ် ရှိနေခြင်းကြောင့်ဖြစ်သည်။ ယခုအခါ ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နိုင်ငံတော်ပျက်စီးအောင်၊ တပ်မတော်ပျက်ပြားအောင် နည်းလမ်းပေါင်းစုံဖြင့် တိုက်ခိုက်နေချိန်တွင် ကျောချင်းကပ်၊ ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုကို တည်ဆောက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း မဖြစ်မနေ ထမ်းဆောင်ကြရမည့်တာဝန်ဖြစ်သည့်အတွက် မွေးထုတ်ပေးခဲ့သော ပြည်သူ့စစ်မှုထမ်း သားကောင်းရတနာများသည် နောင်တော်တပ်မတော်သားများနှင့်အတူ လက်တွဲ၍ နိုင်ငံတော်၊ တပ်မတော်နှင့် မိမိမိသားစုများက ဂုဏ်ယူတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်း၊ စစ်သည်တော်ကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံ ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂.၁.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄.၁.၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

IMMIGRATION

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ရိုးမ

စာတည်းမှူးချုပ်	– ဦးဝင်းနိုင်	အကြီးတန်း	– ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
ခေတ္တ စာတည်းမှူး	– ဦးအေဝမ်းစိုး	သတင်းထောက်များ	
စာတည်းများ	– ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ	အငယ်တန်း သတင်းထောက်များ	– ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	– ဒေါ်ဇင်မာဝင့်
ဘာသာပြန်	– ဦးနိုင်လင်းကြည်၊	စာပြင်	– ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	– ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	– ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သတင်္ဘာမှ ကောက်နုတ်ချက်)

»» ရှေ့ဖုံးမှ

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ မွေးမြူပြီး တစ်ဦးအပေါ် တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွနေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့် အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင်ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမတို့ကဲ့သို့ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွား တိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ထို့အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဖြန့်ခွဲပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံသူ့ကျွန်ဘဝကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိသည်မှာ လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကြသည်။ သို့သော် ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ နိုင်ငံအတွက် မျိုးချစ်စိတ်ဖြင့် အရေးကြီးက သွေးစည်းခဲ့ကြပါသည်။ ကရင်တိုင်းရင်းသားများသည် ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်နေခြင်းကို သတိထားသင့်ကြပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ယနေ့ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှု အောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရ ထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့ တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးကလည်း စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတမ်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏ လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ **မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အဓွန့်ရှည်တည်တံ့ခိုင်မြဲနေမည်**

❖ **ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်**

❖ **ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေးဖော်ဆောင်**

ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၅၉ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးညွန့်လင်း အား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၆၀ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နွဲ့နွဲ့ဦး အား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဌေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပုသိမ် ဒီဇင်ဘာ ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာရှိ တောင်သူဦးအောင်ကျော်မိုး၏ ဆင်းရွှေကြာ ၂ ဆောင်းနေကြာစံပြစိုက်ခင်း ၁၀ ဧကတွင် ဆောင်းနေကြာသီးနှံရွက်ဖျန်းမြေဩဇာပက်ဖျန်းခြင်းကို ကြည့်ရှုအားပေးပြီး ကရင်ဒုံးယိမ်းအကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသခံတောင်သူများအား ဆေးဖျန်းပုံးများနှင့် ရွက်ဖျန်းမြေဩဇာများ ပေးအပ်သည်။

ထို့နောက် ပန်းတနော်မြို့နယ် ဒေါဝါးကျေးရွာအုပ်စု ဒေါဝါးကျေးရွာရှိ တောင်သူ ဦးကျော်ခိုင်ဝင်း၏ နွေစပါးစိုက်ဧက ငါးဧကတွင် ဆိုလာရေတင်စနစ်ဖြင့် နွေစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ယူရီးယားမြေဩဇာများ ပေးအပ်ကာ ကရင်ဒုံးအကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ပေါင်၊ ကုန်းတစ်ပေါင်စိုက်ပျိုးနည်းစနစ်ဖြင့် အလွိုင်းကုမ္ပဏီက စိုက်ပျိုးထားရှိသော အုန်းချိုမွှေး စိုက်ပျိုးရေး၌ ဧက ၁၈၀ သို့ သွားရောက်၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီးတန်ဖိုး ကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသည်။



ဆက်လက်၍ မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာရှိ တေဇဝန္တာရာမ ပတ္တမြားကျောင်းတိုက်သို့ ရောက်ရှိကာ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအား ဖူးမြော်၍ သင်္ကန်းခြင်း၊ ဆန်နှင့် ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စုသို့ရောက်ရှိပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေး၍ လေးအိမ်စုကျေးရွာ ဓမ္မစကူးလ်ကျောင်း သီလရှင် ဆရာကြီး ဒေါ်ဟေမာစာရီကို ဆန်နှင့် ဆီများ လှူဒါန်းကာ ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လမ်းညွှန်အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ပြီး ကရင်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ “ကရင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် စစ်မှန်သည့် ရိုးရာအမွေအနှစ်များကို မပျောက်မပျက်ထိန်းသိမ်းကြကာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုကြောင်း” နှစ်သစ်အကြို နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကရင်ရိုးရာဒုံးအကဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများပေးအပ်သည်။

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အထက ညောင်ခိုင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝန်းကျင် သန့်ရှင်းသာယာလှပမှုနှင့် စာသင်ခန်းအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့်တွေ့ဆုံကာ ပညာရေးကဏ္ဍ ဘက်စုံတိုးတက်ဖွံ့ဖြိုးစေရေး တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရာနှုန်းပြည့်နှင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ရာခိုင်နှုန်းရရှိအောင် စွမ်းဆောင်နိုင်သော အထက ညောင်ခိုင်ကျောင်းအား ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကန်ကြီးထောင့်မြို့နယ်၌ မြို့နယ်အဆင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ကန်ကြီးထောင့် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ ၂၇၆၄ ခုနှစ် မြို့နယ်အဆင့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကန်ကြီးထောင့်မြို့နယ် မဂ္ဂဇင်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်း ခယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရည်မွန်၊ အဖွဲ့ဝင်(၁) ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် ကရင်တိုင်းရင်းသားစာပေယဉ်ကျေးမှု တိုင်းအတွင်းရေးမှူး မန်းစန်းဝင်းတို့က မြို့နယ်အဆင့်ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အတွက် အလှူငွေများပေးအပ်ကြရာ ဒေသခံတာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံကရင်တိုင်းရင်းသားကရင်တိုင်းရင်းသူများ၏ ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကျော်ဇင်စိုး (ပြန်/ဆက်)



လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)



၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

ယနေ့သည် အများပြည်သူရုံးပိတ်ရက် ဖြစ်သည်နှင့်အညီ မွန်းလွဲပိုင်းမှ စတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဂီတဖျော်ဖြေပွဲ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုလိုက်၊မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် တဖွဖွ လာရောက်ကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများကိုလုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင် ဆင်နွှဲနိုင်စေရန်အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စည်တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ပြီး ဖျော်ဖြေပွဲ ဝန်းကျင်နေရာများ၌ လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ သေချာကြည့်ရှုစောင့်ကြပ်လျက်ရှိသည်ကို တွေ့ရသည်။

နီယွန်အလှမီးများဖြင့် ထွန်းညှိအလှဆင်ထား

တေးဂီတ ဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ် (၁)နှင့် (၄) အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်အထိ လျှောက်လမ်းများတွင် ရောင်စုံအလှမီးများ လှပဝေဆာစွာ ဆင်ယင်ထွန်းညှိထားသည့်အပြင် ပွဲတော်ရက်အတွင်း လာရောက်အပန်းဖြေလည်ပတ်ကြမည့် ကလေး/လူကြီးများ စိတ်အပန်းပြေပျော်ရွှင်စေရန်အတွက် ပွဲတော်အတွင်းရှိနေရာများ၌ နီယွန်အလှမီးများဖြင့် ထွန်းညှိအလှဆင်ထားပြီး အလှဓာတ်ပုံရိုက်ရန် Photo Booth များ၊ အပျော်တမ်းဂိမ်းကစားနည်းများ၊ ချားရဟတ်နှင့် ကလေးကစားကွင်းများကို ထည့်သွင်းထားရာ လူများစိတ်ပါဝင်စားသည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

တေးဂီတ ဖျော်ဖြေပွဲတွင် နိုင်ငံကျော် တေးသံရှင်များ၊ Dancer များက DJ ပညာရှင်များ၊ Music Band များဖြင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က "The Gang of Popular Copy Show" ဖြင့် လည်းကောင်း ကပြသီဆို ဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များ အားပါတရ လိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်

ထို့ပြင် လာရောက်လည်ပတ်ကြသူများ စာရေးသောက်ရေး အဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များ အပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များထား ရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို လာရောက်အပန်းဖြေ လည်ပတ်ဆင်နွှဲကြမည့်သူများအတွက် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၃ နာရီမှ စတင်၍ည ၁၀ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့်ည"ဖျော်ဖြေမှုအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှ စတင်၍ ည ၁၀ နာရီအထိ ဖျော်ဖြေ တင်ဆက်သွားကြမည်ဖြစ်ကာ ဒီဇင်ဘာ ၃၁ ရက်တွင် Countdown ရေတွက်မည့် အစီအစဉ်အပါအဝင် ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှ စတင်၍ ည ၁ နာရီအထိ သီဆိုကပြ ဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သည်။ ဝင်ကြေးကို အခမဲ့သတ်မှတ်ထားပြီး ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခု သတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့ အသွားအပြန် ပို့ဆောင်ပေးမည် ဖြစ်သဖြင့် မည်သူမဆို လာရောက်လည်ပတ်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

သတင်း- လုလင်ပျို
ဓာတ်ပုံ - အေးပြည့်စုံ



၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ရှေ့သို့ချီမည် ပန်းတိုင်ဆီ ...

• • • • မောင်ကမ္ဘာ • • • •



ယနေ့မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာသည့် ကမ္ဘောဒီးယားနိုင်ငံသို့ ပြည်တွင်း၊ ပြည်ပခရီးသွားများများပြားစွာ ဝင်ရောက်လျက်ရှိစဉ်။

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **“လွတ်လပ်ရေးရတယ်ဆိုတဲ့ကိစ္စဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ လွတ်လပ်ရေးရရုံနဲ့ ကျုပ်တို့ပြဿနာတွေဖြေရှင်းသွားကြမှာမဟုတ်ဘူး။ အဲဒီအခါကျမှ တကယ့်ပြဿနာတွေ ပေါ်လာလိမ့်မယ်။ လွတ်လပ်ရေးဟာ လမ်းဆုံးမဟုတ်ဘဲ လူတွေရဲ့ကောင်းစားရေးကိုရောက်စေမယ့် လမ်းကြောင်းသာဖြစ်တယ်”** ဟု မိန့်ကြားခဲ့ဖူးပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရှေးမွန်မဆွက ကြိုတင်တွက်ချက်ခန့်မှန်းထားသကဲ့သို့ပင် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဖြိတိန်၊ ပြင်သစ်၊ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်စသည့် ကိုလိုနီနယ်ချဲ့တို့ထံမှ လွတ်လပ်ရေးရရှိခဲ့ကြသော မြန်မာနိုင်ငံအပါအဝင် ထွန်းသစ်စနိုင်ငံတိုင်းလိုလိုပင် လွတ်လပ်ရေးရမှ တကယ့်ပြဿနာပေါင်းစုံနှင့် နဖူးတွေ့ဒူးတွေ့ရင်ဆိုင်ကြုံတွေ့ကြရတော့သည်။

သွေးခွဲအုပ်ချုပ်ရေးပေါ်လစီကို ကျင့်သုံး

ကိုလိုနီနယ်ချဲ့နိုင်ငံကြီးများသည် နယ်ချဲ့သမားများပီပီ သွေးခွဲအုပ်ချုပ်ရေးပေါ်လစီ (Policy of Divide and Rule)ကိုကျင့်သုံးပြီး အချင်းချင်းကြားသွေးခွဲသပ်လျှို ရန်တိုက်ပေးခဲ့ကြသည့်အတွက် ထွန်းသစ်စနိုင်ငံငယ်များမဆိုထားဘိ အိန္ဒိယနိုင်ငံကဲ့သို့သော နိုင်ငံကြီးများပင် ဘာသာရေး၊ လူမျိုးရေး ပဋိပက္ခများကြောင့် အပိုင်းလိုက်ကွဲထွက်သွားခဲ့သည်။ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများက အိန္ဒိယနိုင်ငံမှခွဲထွက်ပြီး နိုင်ငံသစ်ထူထောင်ခဲ့ကြသည်။ ခွဲထွက်ပြီးနောက်ပိုင်းတွင်လည်း အိန္ဒိယ-ပါကစ္စတန်နှစ်နိုင်ငံတို့သည် စစ်ပွဲများ အကြိမ်ကြိမ် ဖြစ်ပွားခဲ့ကြပြန်သည်။

ပြင်သစ်ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ခဲ့သည့် ဗီယက်နမ်နိုင်ငံသည်လည်းတောင်၊ မြောက် နှစ်ပိုင်းကွဲပြီး အချင်းချင်းစစ်ခင်းကြရာမှ ကိုလိုနီနယ်ချဲ့လက်သစ် အမေရိကန်၏ ဝင်ရောက်စွက်ဖက်မှုနှင့်အတူ ဗီယက်နမ်-အမေရိကန်စစ်ပွဲကြီးထပ်မံဖြစ်ပွားခဲ့ပြီး နိုင်ငံမှာလည်း ထောင်လမောင်းကြေမွပျက်စီးကျန်ရစ်ခဲ့ရသည်။

ထို့အတူ ပြင်သစ်ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံသည်လည်း ဆယ်စုနှစ်နှင့်ချီပြီးဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်ကြောင့် သန်းပေါင်းများစွာသောပြည်သူများသေကျေပျက်စီးခဲ့ကြရပြန်သည်။ အင်ဒိုနီးရှား၊ လာအိုနိုင်ငံတို့တွင်လည်း ဝါဒရေးရာကွဲပြားမှုများမှ တစ်ဆင့် ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ကြရလေသည်။

သို့တစေ ယနေ့မျက်မှောက်ကာလတွင်မူ အဆိုပါဒေသတွင်းနိုင်ငံများသည် အတိတ်ကာလက သမိုင်း၏ဆိုးမွေများကို သမိုင်းသင်ခန်းစာရယူခဲ့ကြပြီး နာကြည်းမုန်းတီးမှုများကို ခဝါချ၍ အခြားကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ကျားကုတ်ကျားခဲကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။

ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိ

ခမာနီတို့လက်ထက်တွင် ပြည်သူသန်းပေါင်းများစွာ အသတ်ခံခဲ့ရပြီး Killing Fields အဖြစ် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သော ကမ္ဘောဒီးယားနိုင်ငံသည် ယနေ့မျက်မှောက်ကာလတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိလာသည်။ ၂၀၂၅ ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း၊ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၅၁ ဒသမ ၃၉ ဘီလီယံနှင့် နိုင်ငံသားတစ်ဦးချင်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး ၂၉၂၄ ဒေါ်လာအထိ တိုးမြင့်လာရန် မျှော်မှန်းထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးသည် အထည်ချုပ်၊ ဖိနပ်နှင့် ခရီးသွားကုန်ပစ္စည်းတင်ပို့မှု၊ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေ၊ ခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့အပေါ် အခြေခံထားသည်။ ခရီးသွားလုပ်ငန်းအနေဖြင့် ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ခြောက်သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် နိုင်ငံတကာခရီးသွားဝင်ရောက်မှု ၂၂ ရာခိုင်နှုန်းတိုးတက်လာသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံအနေဖြင့်မူ ယခုနှစ်ပထမ ၁၀ လတာအတွင်း နိုင်ငံတကာခရီးသွားဧည့်သည် ၁၄ ဒသမ ၁ သန်းဝင်ရောက်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၄၁ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်လာသည်ဟုဆိုသည်။

အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ယခုနှစ်နိုဝင်ဘာလ လယ်အထိ နိုင်ငံခြားခရီးသွားဧည့်သည် ၃၀ ဒသမ ၅၆ သန်းကျော် စံချိန်တင်ဝင်ရောက်ခဲ့ပြီး ဝင်ငွေအားဖြင့် ဘတ် ၁ ဒသမ ၄၃ ထရီလီယံ(အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄၀ ဘီလီယံခန့်)ရရှိခဲ့ကြောင်း၊ ယခုနှစ်တစ်နှစ်တာပတ်လုံးအတွက် ခရီးသွားလုပ်ငန်းမှဝင်ငွေပမာဏ ဘတ် ၃ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၁၀၁ ဒသမ ၃၃ ဘီလီယံခန့်) ရရှိနိုင်ရန် မျှော်မှန်းထားသည်ဟု ဆိုသည်။

နိုင်ငံတကာ ကုန်သွယ်မှုနှင့် စီးပွားရေးဖလှယ်မှုများကို မြှင့်တင်

ဒေသတွင်းကုန်းတွင်းပိတ် နိုင်ငံဖြစ်သည့် လာအိုနိုင်ငံသည်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့သည့် တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် နိုင်ငံတကာကုန်သွယ်မှုနှင့် စီးပွားရေးဖလှယ်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

အင်ဒိုနီးရှားနိုင်ငံကလည်း ယခုနှစ်ဒီဇင်ဘာလအတွင်းမှာပင် Apple ကုမ္ပဏီ၏ အမေရိကန်ဒေါ်လာတစ်ဘီလီယံရင်းနှီးမြှုပ်နှံမှုကို သဘောတူခဲ့သလို အင်ဒိုနီးရှား၏ စွမ်းအင်ဖူလုံမှုရှိစေရေးအတွက်လည်း နျူကလီးယားစွမ်းအင်သုံးစွဲမှုမြှင့်တင်သွားမည်ဟု ဆိုသည်။ နျူကလီးယားစွမ်းအင်မြှင့်တင်ရေးစီမံကိန်းအရ မဂ္ဂါဝပ် ၂၅၀ မှ မဂ္ဂါဝပ် ၅၀၀ အထိရှိသော အသေးစားနျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုတည်ဆောက်မည်ဟု သိရသည်။

အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒေသတွင်းဒုတိယအကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်မူ နဂိုရှိရင်းစွဲအရင်းအမြစ်များ၊ အခွင့်အလမ်းကောင်းများကို ကောင်းစွာအသုံးမချနိုင်ဘဲ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခဝဲသြဃအတွင်းမှ ယခုတိုင်ရုန်းမထွက်နိုင်ဘဲ တဝဲဝဲတလည်လည် ဖြစ်နေသေးသည့်အတွက် ဒေသတွင်းအခြားနိုင်ငံများထက် ရှိသင့်ရှိထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သော အခွင့်အလမ်းကောင်းများကို လက်လွတ်ဆုံးရှုံးနေဆဲဟု ဆိုရမည်ဖြစ်သည်။

နိုင်ငံရေးအကျပ်အတည်းတစ်ရပ် ထပ်မံပေါ်ပေါက်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **“တိုင်းပြည်ပြန်လည်ထူထောင်ရာမှာ အခုရှုရှား ပြည်သစ်တည်ခါစကလို၊ အခု ဘိလပ်မှာဖြစ်နေသလို လူတွေဟာ အင်မတန်ခြိုးခြံသည်းခံပြီး ဇွဲနဲပဲနဲ့ စိစစ်ဆောင်ရွက်လုပ်ကိုင်နိုင်မှ တော်ကာကျပြီး ပြာပုံအတိဖြစ်နေတဲ့ မြန်မာပြည်ကြီးကို စည်ပင်သာယာဝပြောအောင် မနည်းကျုပ်တို့လုပ်ရလိမ့်မယ်ဆိုတာကို ကျုပ်တို့ဟာ လူထုခေါင်းဆောင်တွေဆိုလို့ရှိရင် လူထုနားလည်အောင် ရှေ့ဆောင်ဟောပြောညွှန်ပြပြီး သတ္တိရှိရှိလုပ်ပြရလိမ့်မယ်”** လို့ မိန့်ကြားခဲ့သော်ငြား ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် စာမျက်နှာ ၇ သို့ ☆

“အင်ဒိုနီးရှားနိုင်ငံပြီးလျှင် ဒေသတွင်း ဒုတိယအကြီးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်မူ နဂိုရှိရင်းစွဲအရင်းအမြစ်များ၊ အခွင့်အလမ်းကောင်းများကို ကောင်းစွာအသုံးမချနိုင်ဘဲ လွတ်လပ်ရေးနှင့်အတူ ယှဉ်တွဲပေါ်ပေါက်ခဲ့သော လက်နက်ကိုင်ပဋိပက္ခဝဲသြဃအတွင်းမှ ယခုတိုင်ရုန်းမထွက်နိုင်ဘဲ တဝဲဝဲတလည်လည် ဖြစ်နေသေးသည့်အတွက် ဒေသတွင်းအခြားနိုင်ငံများထက် ရှိသင့်ရှိထိုက်၊ ဖြစ်သင့်ဖြစ်ထိုက်သော အခွင့်အလမ်းကောင်းများကို လက်လွတ်ဆုံးရှုံးနေဆဲဟုဆိုရမည်

တစ်ကျော့ပြန်လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်ကနှစ်ရှည်လများကြိုးပမ်းတည်ဆောက်ထားခဲ့သော လမ်း၊ တံတား၊ ဆက်သွယ်ရေး အခြေခံအဆောက်အအုံများစွာ၊ နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြန်”



ဗီယက်နမ်နိုင်ငံ ရွှေတံတား(Golden Bridge) သို့ ပြည်တွင်း၊ ပြည်ပ ခရီးသွားများ များပြားစွာ ဝင်ရောက်လျက်ရှိစဉ်။

☆ စာမျက်နှာ ၆ မှ

အာဏာရပါတီ၏ မဲမသမာမှုများကို အကြောင်းပြု၍ နိုင်ငံရေးအကျပ်အတည်းတစ်ရပ် ထပ်မံပေါ်ပေါက်လာခဲ့ပြန်ပါသည်။

တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်၏အာဏာကိုထိန်းသိမ်းခဲ့ပြီး နောက်ပိုင်းကာလတွင်လည်း ပြည်ပနိုင်ငံကြီးအချို့နှင့် ပြည်ပသြဇာခံအဖွဲ့အစည်းများ၊ သောင်းကျန်းသူအကြမ်းဖက်အဖွဲ့များက အခွင့်ကောင်းအဖြစ်ယူဆပြီး တိုက်ကွက်များဖော်ဆောင်လာမှုကြောင့် လက်နက်ကိုင်ပဋိပက္ခများ တစ်ကျော့ပြန် ပြန်လည်ဖြစ်ပွားလာခဲ့ပြန်သည်။ တစ်ကျော့ပြန်လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်ကနှစ်ရှည်လများ ကြိုးပမ်းတည်ဆောက်ထားခဲ့သော လမ်း၊ တံတား၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများစွာ၊ နိုင်ငံပိုင်၊ ပြည်သူပိုင်အဆောက်အအုံများနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ရပြန်သည်။

မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲ အကျပ်အတည်းများကိုကျော်လွှားနိုင်ရန် မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသတွင်းနိုင်ငံများနည်းတူ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားနှင့်ယှဉ်၍ အတိတ်ကသမိုင်း၏ ဆိုးမွေများကို သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး တစ်မျိုးသားလုံးစုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်အပေါ် အမြန်ဆုံးပြန်လည်ကြိုးပမ်းလျှောက်လှမ်းကြရပါမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဝင်ဘာလ ၂၇ ရက်နေ့က နေပြည်တော်၌ပြုလုပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အစည်းအဝေးတွင် **“နိုင်ငံတော်၏ GDP တိုးတက်လာမည်ဆိုပါက ဘတ်ဂျက်ပိုမို အသုံးပြု၍ရနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ GDP သည် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် လျော့ပါးလျက်ရှိသည်ကိုတွေ့ရ၍ GDP တိုးတက်လာရေး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း”** ပြောကြားခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက **“ပဒေသာပင် မြေကြီးမှမပေါက်နိုင်ကြောင်း၊ ကြိုးစားလုပ်ကိုင်ခြင်းဖြင့်သာ ပဒေသာပင်ပေါက်နိုင်သဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးအနက်ထား၍ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း”** ပြောကြားခဲ့ပါသည်။

စီးပွားရေးအပိုင်းတွင် သွေးအေးလျက်ရှိ

မှန်ပါသည်။ တကယ်တမ်း မထောက်မညှာဆိုရပါမူ ဒေသတွင်းအားကစားပြိုင်ပွဲများ၌ အထူးသဖြင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများတွင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းက ပြိုင်ဘက်နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းတစ်သင်းကို ရှုံးနိမ့်ခဲ့ပါလျှင် မခံမရပ်နိုင်အောင်ခံစားချက်ပြင်းထန်လေ့ရှိသော မြန်မာပြည်သူအပေါင်းသည် ဒေသတွင်းနိုင်ငံအချို့နှင့် ယှဉ်လျှင် ဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအပိုင်းတွင် လတ်တလော နောက်ကျကျန်ရစ်နေသည့် အခြေအနေရလဒ်အပေါ်၌မူ သွေးအေးလျက်ရှိသည်ဟု ဆိုရပါမည်။

အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာပြီး စီးပွားရေးအပိုင်းကို အလေးအနက်ထားကာ ဇကမ္ဘစိတ်တစ်ခုတည်းဖြင့် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက အခြားဒေသတွင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကို အမြန်ဆုံးရယူဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မူလဘူတအခြေခံကောင်းများစွာပိုင်ဆိုင်နေသော မြန်မာနိုင်ငံသည် ဒေသတွင်းအခြားနိုင်ငံများထက်ပင် ကျော်လွန်၍ ဦးဆောင်မှုအခန်းကဏ္ဍကို ပြန်လည်ရယူနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ နယူးဒေလီအခြေစိုက်မဟာဗျူဟာလေ့လာသုံးသပ်သူ ဆောင်းပါးရှင် Atul Aneja ကလည်း **“Why transitional elections in Myanmar would be good for Asia and the World”** (မြန်မာနိုင်ငံတွင် အသွင်ကူးပြောင်းရေးရွေးကောက်ပွဲများ ကျင်းပခြင်းအားဖြင့် အာရှနှင့်ကမ္ဘာအတွက် ကောင်းမွန်စေနိုင်သော အကြောင်းတရားများ) ဆိုသည့်ခေါင်းစဉ်ဖြင့် ဒီဇင်ဘာလ ၃ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် ရေးသားဖော်ပြခဲ့ပါသည်။

ပထမအကြောင်းတရားအနေဖြင့် မြန်မာနိုင်ငံတွင် တည်ငြိမ်အေးငြိမ်းမှုကို ပြန်လည်ရရှိစေမည့် လူထုဆန္ဒမဲများကို အခြေခံသည့် ရွေးကောက်ပွဲများ ကျင်းပခြင်းအားဖြင့် နိုင်ငံရေးအရ တရားဝင်အသိအမှတ်ပြုမှုအသစ်ကိုရရှိလာကာ အရှိန်အဟုန်ဖြင့် တိုးတက်မှုရရှိစေမည့် မောင်းနှင်အား(အင်ဂျင်)ဖြစ်လာနိုင်ကြောင်း၊ နေပြည်တော်သည် စီးပွားရေးအသွင်ကူးပြောင်းမှုကိုထိန်းကျောင်းရန် ကောင်းမြတ်သောဂုဏ်အင်္ဂါများရှိသောကြောင့် မြန်မာနိုင်ငံသည် အာရှကျားဖြစ်လာနိုင်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ကြွယ်ဝစွာတည်ရှိနေပြီး အဆိုပါအရင်းအမြစ်များကို ထိရောက်စွာအသုံးချပါက လျင်မြန်သော စီးပွားရေးတိုးတက်မှုကိုဖြစ်ပေါ်စေမည့်အလားအလာရှိကြောင်း ရေးသားထားသည်။ ထို့ပြင် ကမ္ဘာပေါ်တွင် သတ္တမမြောက် ဆန့်အများဆုံးထုတ်လုပ်သော နိုင်ငံဖြစ်သည့် အတွက် မြန်မာနိုင်ငံသည် ဒေသတွင်းစားရေရိက္ခာဖူလုံရေးအတွက် အာရှတွင် အဓိကကျသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည်ဟု ဆိုသည်။

ဒေသဆိုင်ရာသာယာဝပြောမှုကို ဖြစ်ပေါ်စေနိုင်

ဒုတိယအကြောင်းတရားအနေဖြင့် အောင်မြင်သောအသွင်ကူးပြောင်းရေး ရွေးကောက်ပွဲများသည် အာရှတစ်လွှားဒေသဆိုင်ရာ သာယာဝပြောမှုကို ဖြစ်ပေါ်စေနိုင်သည်။ အဓိကအားဖြင့် မြန်မာနိုင်ငံသည် ကြွယ်ဝသောသဘာဝအရင်းအမြစ်များနှင့် အလုပ်လုပ်နိုင်သော ငယ်ရွယ်သူလူဦးရေရှိသည့်အပြင် ထူးခြားသောပထဝီဝင် စီးပွားရေးတည်နေရာအရဖြစ်သည်ဟု သုံးသပ်တင်ပြထားသည်။

တတိယအကြောင်းတရား အနေဖြင့် ရွေးကောက်ပွဲများမှတစ်ဆင့် နိုင်ငံရေးအကူးအပြောင်းအပြီးတွင် မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော **“နိုင်ငံစုံလွှန်ဆွဲမှု ကမ္ဘာ့အစီအစဉ်”** (Multi-Polar World)ကို အားကောင်းစေရန်အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာနိုင်သည့် အလားအလာရှိကြောင်း၊ ရွေးကောက်ပွဲအပြီးတွင် နိုင်ငံတည်ငြိမ်မှုတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံသည် အိန္ဒိယ၊ တရုတ်၊ ရုရှား၊ အာဆီယံနှင့် အမေရိကန်တို့ကဲ့သို့ ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ချိတ်ဆက်မှုကိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ဆောင်းပါးရှင်က အကျယ်တဝင့်သုံးသပ်ရေးသားဖော်ပြခဲ့ပါသည်။

သို့ဖြစ်ရကား **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားရေးစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့်ခွဲ၊ လုံလ၊ ဝီရိယတို့ထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်ရေး စသည့် ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အမျိုးသားရေး ဦးတည်ချက် (၅)ရပ်နှင့်အညီ အမိနိုင်ငံတော်ကြီးအေးချမ်းသာယာဝပြောရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ဦးထမ်းပဲ့ထမ်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

> **“မျက်မှောက်ကာလတွင် ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲအကျပ်အတည်းများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအနေဖြင့် ဒေသတွင်းနိုင်ငံများနည်းတူ အသိဉာဏ်ပညာ၊ ဆင်ခြင်တုံတရားနှင့်ယှဉ်၍ အတိတ်ကသမိုင်း၏ ဆိုးမွေများကို သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး တစ်မျိုးသားလုံးစုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်အပေါ် အမြန်ဆုံးပြန်လည်ကြိုးပမ်း လျှောက်လှမ်းကြရပါမည်”**

> **“အမှန်တကယ်အားဖြင့် မြန်မာနိုင်ငံသည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ ဆွေးနွေးအဖြေရှာပြီး စီးပွားရေးအပိုင်းကို အလေးအနက်ထားကာ ဇကမ္ဘစိတ်တစ်ခုတည်းဖြင့် ကျားကုတ်ကျားခဲ ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက အခြားဒေသတွင်းနိုင်ငံများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကို အမြန်ဆုံးရယူဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မူလဘူတအခြေခံကောင်းများစွာပိုင်ဆိုင်နေသော မြန်မာနိုင်ငံသည် ဒေသတွင်းအခြားနိုင်ငံများထက်ပင် ကျော်လွန်၍ ဦးဆောင်မှုအခန်းကဏ္ဍကို ပြန်လည်ရယူနိုင်မည်”**

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(၄)	မြို့နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ခရိုင်အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန	အဖွဲ့ဝင်
(၅)	ခရိုင်ဥပဒေအရာရှိ ခရိုင်ဥပဒေရုံး	အဖွဲ့ဝင်
(၆)	ခရိုင်ဦးစီးမှူး ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန	အဖွဲ့ဝင်
(၇)	ခရိုင်ဦးစီးမှူး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန	အဖွဲ့ဝင်
(၈)	ခရိုင်ဦးစီးမှူး သစ်တောဦးစီးဌာန	အဖွဲ့ဝင်
(၉)	တာဝန်ခံအရာရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း	အဖွဲ့ဝင်
(၁၀)	ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး	အတွင်းရေးမှူး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး ကြီးကြပ်ကွပ်ကဲသူအရာရှိ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) မရွေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းကိုဖြစ်စေ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းကိုဖြစ်စေ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း သို့မဟုတ် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) သက်သေခံပစ္စည်းဖြစ်သော တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်းကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား တရားစွဲဆိုတင်ပို့ခြင်း မပြုမီ တရားရုံးအမိန့်ဖြင့် ထုခွဲရောင်းချစေပြီး ရရှိသောငွေကြေးကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏ အမိန့်နှင့်အညီဆောင်ရွက်ခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက် ကျော်လွန်သည့်အခါ အဆိုပါသက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

(စ) ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများကို ပျက်စီးမှုနှင့် ပျောက်ဆုံးမှုမရှိစေရေး လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) သက်သေခံပစ္စည်းများ ရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့် အသုံးစရိတ်များနှင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံး၏ အသုံးစရိတ်များကို တွက်ချက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံခြင်း၊

(ဇ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ချက် အစီရင်ခံစာကို သက်သေခံပစ္စည်းစာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်သေခံပစ္စည်းအဖြစ် ထိန်းသိမ်းထားသော ယာဉ်အမျိုးမျိုး၊ စက်ယန္တရားများနှင့် အခြားသက်သေခံပစ္စည်းများအား မပျက်စီးစေရန် စီမံခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

အခန်း(၅)

သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး တည်ထောင်ခြင်းနှင့် ရုံးဝန်ထမ်းခန့်အပ်တာဝန်ပေးအပ်ခြင်း

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည်-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို တည်ထောင်ပေးရမည်။

(ခ) သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးအတွက် လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ဂ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန် ရဲမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးကို ကြီးကြပ်ကွပ်ကဲသူအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

အခန်း(၆)

တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ တာဝန်

၁၂။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်။

၁၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သော ပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုးကျပ် ၁၀ သန်းနှင့်အထက် ဖြစ်ပြီး တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် ပစ္စည်းဖြစ်ပါက နီးစပ်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ ၄၈ နာရီအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော ပစ္စည်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့်အချိန်ကာလအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း။

၁၄။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါတို့ကို ပူးတွဲပေးအပ်ရမည်-

(က) သက်သေခံပစ္စည်းတစ်ခုချင်းစီ၏ အရေ့၊ အနောက်၊ ဘေး ဝဲ၊ ယာနှင့် လိုအပ်ပါက အပေါ်နှင့် အောက်တို့အား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ခ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကနဦးယာဉ်စစ်ဆေးချက်ပုံစံနှင့်အတူ ယာဉ် သို့မဟုတ် စက်ယန္တရားများ၏ အတွင်းနှင့် အပြင်အခြေအနေများအား ပေါ်လွင်အောင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဂ) အဆောက်အဦဖြစ်ပါက ယင်းအဆောက်အဦအတွင်းနှင့်အပြင် အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ရှာဖွေပုံစံ သို့မဟုတ် ပစ္စည်းသိမ်းပုံစံမိတ္တူ၊ ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများ။

၁၅။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင်-

(က) ထိန်းသိမ်းရန်လွယ်ကူသည့် သက်သေခံပစ္စည်း သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်သက်သေခံပစ္စည်းများကို သက်ဆိုင်ရာတရားရုံးသို့ တစ်ပါတည်းတင်ပြရမည်။

(ခ) တရားရုံးသို့ တင်ပို့ရန်မလွယ်ကူသော သက်သေခံပစ္စည်းများဖြစ်ပါက အဆိုပါသက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း သို့မဟုတ် မည်ကဲ့သို့ စီမံခန့်ခွဲထားကြောင်း အထောက်အထားဖြင့် တရားရုံးသို့ တင်ပြရမည်။

အခန်း(၇)

သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်း

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တရားစွဲဆိုတင်ပို့ခြင်းမပြုမီ လာရောက်အပ်နှံသော သက်သေခံပစ္စည်းများကို အောက်ပါအတိုင်းစီမံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်-

(က) ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင် ထိန်းသိမ်းစေခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်းအမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်၌ သတ်မှတ်ချက်များနှင့်အညီ အပ်နှံထိန်းသိမ်းစေခြင်း၊

(ဂ) အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်ထိန်းသိမ်းစေခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မရွှေ့မပြောင်းနိုင်သောသက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသည့် သက်သေခံပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း၊

(င) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းခြင်း၊

(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သိမ်းဆည်းရမိသည့်တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း။

စာမျက်နှာ ၉ သို့ ★

★ စာမျက်နှာ ၈ မှ

အခန်း(၈)

သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သိမ်းဆည်းထားသည့် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၈။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏ အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ တရားရုံးသည်-

(က) အမှုဖြင့်တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှု မပြီးဆုံးမီဖြစ်စေ၊ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံပစ္စည်းစီမံခန့်ခွဲသည့်အမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုသည့်အမှုမှ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း ၄၃၊ ပစ္စည်းများကိုစီမံခန့်ခွဲခြင်း အခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

(ဂ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(၇)အရ အစိုးရကစီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းဖြစ်ပါက ယင်းပစ္စည်း၏ ပိုင်ရှင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၉ အရ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် သို့မဟုတ် ဝရမ်းစွဲကပ်သည့်နေ့မှ နှစ်နှစ်အတွင်း ယင်းပစ္စည်း၏ ပိုင်ရှင်သည် တရားရုံးရှေ့သို့ လာရောက်ခြင်းမရှိလျှင် သို့မဟုတ် ယင်းပစ္စည်း၏ ပိုင်ရှင်အား ဖမ်းဆီးရမိခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ (က) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားသည့်အမိန့်ကို ဗဟိုကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၂၂။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားသော မြေနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်လျှင် သတ်မှတ်ချက်များနှင့်အညီ လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့်အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရှိသည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ ရောင်းချခြင်းမှ ရရှိသောငွေများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ခ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၅။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးက သိမ်းဆည်းထားသော သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျသည့်စရိတ်ငွေများကို သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးသွင်းစေပြီး ယင်းသက်သေခံပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

၂၆။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားသော သက်သေခံပစ္စည်းကို ဖျက်ဆီးရန် တရားရုံးမှ အမိန့်ချမှတ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၉)

စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ အရေးယူခြင်းနှင့် အယူခံခြင်း

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ထိန်းသိမ်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မိမိ၏ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သည့်ဌာနများမှ ကိုယ်စားလှယ် ၂ ဦး အပါအဝင် အနည်းဆုံး အဖွဲ့ဝင် ၃ ဦး ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

(ခ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်သေခံချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

(ဂ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရမည်။

၃၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီနှင့် ယင်းသက်သေခံပစ္စည်းနှင့် သက်ဆိုင်သောအမှုကို စစ်ဆေးနေသောတရားရုံးသို့ ဆောလျင်စွာ တင်ပြရမည်။

၃၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ အကြံပြုချက်များအရ-

(က) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို သက်သေခံပစ္စည်းများစာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ခ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်လျှင် ထိုသူကို ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်ပြီး ယင်းအမိန့်ကို သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

(ဂ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့်လက်ခံထားသူက သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ပါက ဤဥပဒေအရ အရေးယူရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၃၃။ ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

အခန်း(၁၀)

တားမြစ်ချက်များ

၃၆။ သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမျှ သက်သေခံပစ္စည်းများကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်မျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိရ။

၃၈။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ စီမံထိန်းသိမ်းမှုအောက်ရှိ သက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်းမပြုရ။

စာမျက်နှာ ၁၀ သို့ ★

★ စာမျက်နှာ ၉ မှ

အခန်း(၁၁)

ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်းတစ်ရာမှ အများဆုံး ကျပ်သိန်းငါးရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးဆယ့်နှစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။

၄၂။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အခန်း (၁၂)

အထွေထွေ

၄၄။ ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများသည် တရားရုံးသို့ တင်ပို့ရန်အတွက် သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများဖြစ်ပါက ယင်းသက်သေခံပစ္စည်းများကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းများ တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၄၅။ တရားရုံးသည် ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုနိုင်သော သက်သေခံပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့်ကာလအတွင်း သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၇။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော မည်သူ့ကိုမဆို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၄၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ)အရ ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် ပျက်ကွက်သူထံမှ ရရန်ရှိသောငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌသည် သင့်လျော်သည့် မိမိ၏ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ကော်လိတ်တော်အရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည်-

(က) ရွှေ့ပြောင်းနိုင်သောသက်သေခံပစ္စည်းများ စီမံခန့်ခွဲရာတွင် တရားရုံးက ချမှတ်သောအမိန့်ကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက် ကျော်လွန်သည်အထိ စောင့်ဆိုင်းပြီး တရားရုံးအမိန့်နှင့်အညီ စီမံခန့်ခွဲရမည်။

(ခ) ပုဒ်မခွဲ(က)အရ သက်သေခံပစ္စည်းများ အပြီးသတ်စီမံခန့်ခွဲပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာတရားရုံးသို့ ပြန်လည်တင်ပြရမည်။

၅၀။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို အယူခံသို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်ပြီး တစ်နှစ်အတွင်း စီမံခန့်ခွဲနိုင်ရေး ကြပ်မတ်ညွှန်ကြားရမည်။

၅၁။ ဗဟိုကော်မတီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီ တရားရုံးတွင် ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်းမရှိစေရ။

၅၃။ ပုဒ်မ ၂ ပါပြစ်မှုများနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေများ၌ မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မြိတ်ကျွန်းစုဒေသထွက် သဘာဝငှက်သိုက်များ ယခုနှစ်တွင် ဝယ်လိုအားနည်း၍ ဈေးကွက်တည်ငြိမ်လျက်ရှိ

မြိတ် ဒီဇင်ဘာ ၂၉

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်ကျွန်းစုဒေသမှထွက်ရှိသော သဘာဝငှက်သိုက်များ ယခုနှစ်တွင် ဝယ်လိုအားနည်းနေသည့်အတွက် ဈေးကွက်၌ ဈေးငြိမ်နေကြောင်း သဘာဝငှက်သိုက်ရောင်းဝယ်သူများထံမှ သိရသည်။

သဘာဝငှက်သိုက် အများစုသည် မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိလျက်ရှိပြီး ပြည်ပမှဝယ်ယူမှုများကြောင့် ဈေးကွက်အတွင်း ဈေးကောင်းရရှိလာသည့်အတွက် မြိတ်၊ ပုလော၊ တနင်္သာရီ၊ ကျွန်းစုနှင့် ဘုတ်ပြင်းစသည့် မြို့နယ်များရှိ လူနေအိမ်နှင့် ဥယျာဉ်ခြံတချို့တို့တွင် ငှက်အိမ်များတည်ဆောက်ကာ စီးပွားဖြစ်မွေးမြူသူ များပြားလာကြောင်း သိရသည်။

“ဒီနှစ်မှာတော့ ငှက်သိုက်ဝယ်လိုအားနည်းပြီး ဈေးကွက်ငြိမ်နေတယ်။ ပြီးခဲ့တဲ့ ၂၀၂၀ - ၂၀၂၁ ခုနှစ်လောက်က ငှက်သိုက်ဈေးက အမြင့်ဆုံးရှိခဲ့ပါတယ်။ အဲဒီတုန်းက သန့်စင်ပြီးငှက်သိုက်တစ်ပိဿာကို ငွေကျပ် သိန်း ၆၀ ကျော်ရှိတယ်” ဟု မြိတ်မြို့မှ ငှက်သိုက်ရောင်းချသူတစ်ဦးက ပြောသည်။



မြိတ်ကျွန်းစုဒေသမှထွက်ရှိသည့် သဘာဝငှက်သိုက်များကို တွေ့ရစဉ်။



အဆိုပါ ငှက်သိုက်များကို သဘာဝအတိုင်း ရောင်းချကြသကဲ့သို့ ကုန်ချောအဖြစ် ဖန်ပုလင်းများဖြင့် ငှက်သိုက်ပေါင်းရည်အဖြစ် တစ်ပိုင်တစ်နိုင်ထုတ်လုပ်ရောင်းချခြင်းများလည်းရှိကြောင်း သိရသည်။

“သဘာဝငှက်သိုက် ရောင်းအားကတော့ ပုံမှန်ရောင်းနေရပါတယ်။ ပစ္စည်းတွေက ထွက်တာများနေတော့ ဈေးပဲကျသွားတာပါ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်က မြိတ်ကျွန်းစုဒေသဘက်ကို ခရီးသွားဧည့်သည်တွေ အဝင်များတော့ ပိုရောင်းရပါတယ်။ အခုလက်ရှိမှာတော့ ခရီးသွားဧည့်သည်ဝင်ရောက်မှုနည်းတော့ ဝယ်လိုအားနည်းပြီး ဈေးကွက်အတွင်းမှာ ငှက်သိုက်ဈေး ငြိမ်နေပါတယ်” ဟု မြိတ်မြို့ရှိ လက်ဆောင်ပစ္စည်း အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး အတွင်း သဘာဝငှက်သိုက် အများဆုံးထွက်ရှိသည့် ဒေသမှာ မြိတ်မြို့နယ်နှင့် ဘုတ်ပြင်း မြို့နယ်တို့ဖြစ်ပြီး ယင်းမြို့နယ်တို့မှ ထွက်ရှိသော ငှက်သိုက်များသည် ဈေးကွက်အတွင်း၌ အကောင်းဆုံးဖြစ်သဖြင့် လူကြိုက်များကြောင်း သိရသည်။

ယခုလက်ရှိတွင် မြိတ်ကျွန်းစုဒေသများမှ ထွက်ရှိသော သဘာဝငှက်သိုက်များကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေရကြောင်းနှင့် ယခင်က တရုတ်နိုင်ငံအပြင် ထိုင်း၊ မလေးရှားနိုင်ငံတို့သို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

စမ္မအမှန်ဖြင့် အကြောင်းကောင်းခြင်းမှသည် အကျိုးကောင်းရာဆီ

“ပတ်ဝန်းကျင်ကို ငြိမ်းချမ်းစေလိုရင် မိမိသန္တာန်မိမိ ဦးစွာငြိမ်းချမ်းနေမှဖြစ်မှာပါ။ မိမိကိုယ်တိုင် အပူတွေနဲ့ငြိမ်းချမ်းမနေဘဲ အများကိုငြိမ်းချမ်းအောင် ဘယ်လိုမှ လုပ်လို့မရပါဘူး။ လုပ်လည်းမဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လိုချင်တာတွေများပြီး လိုချင်လွန်းတဲ့လောဘတွေ၊ လိုချင်တာမရတော့ ဖြစ်လာရတဲ့ သောက ပရိဒေဝ ဒုက္ခဒေါမနဿနဲ့ အတွင်းမှာလောင်မြိုက်နေတဲ့ ဒေါသတရားတွေ၊ လောဘကိုလောဘဖြစ်မှန်း ဒေါသကိုဒေါသဖြစ်မှန်းမသိမှု မောဟတရားတွေ၊ ထိုလောဘ၊ ဒေါသ၊ မောဟ မူလအကုသိုလ်တရားဆိုးများ အခြေယ်လှယ်ခံနေရသရွေ့ ဘယ်လိုမှငြိမ်းချမ်းနိုင်မှာ မဟုတ်တဲ့အတွက်ကြောင့်ပါပဲ”

ဒေါက်တာမြတ်မိုး

နှစ်ဟောင်းတစ်ခုကုန် နှစ်သစ်တစ်ခုရောက် ငါတို့ဘာတွေလုပ်လို့ ဘာတွေပြီးခဲ့ကြပြီလဲ၊ ဘာတွေမှန်လို့ ဘာတွေလွဲခဲ့ကြပါသလဲ၊ သေချာတာတော့ ဒီနှစ်က အကြောင်းတွေက နောက်နှစ်အတွက်တော့ အကျိုးတရားတွေဖြစ်မယ်သာ။ ဗုဒ္ဓတရားတော် အရတော့ ပရမတ်လယ်ဗယ်အထိ ဆင်ခြင်နှလုံးသွင်းရပါတယ်။ စက္ကန့်တိုင်း၊ မိနစ်တိုင်းမှာ ရုပ်တရား၊ နာမ်တရားတွေက တစ်ခုဖြစ်ပြီးတစ်ခုချုပ်၊ ဖြစ်ရာအကြောင်းနဲ့ ချုပ်ရာအကြောင်း၊ အတိတ်ကာလတစ်ခုမှာ အတိတ်ဆိုတာ ပြီးခဲ့တဲ့စက္ကန့်၊ မိနစ်၊ နာရီ၊ နေ့ရက်၊ လတွေ၊ နှစ်တွေကနေ၊ ပြီးခဲ့တဲ့ဘဝကနေ ယူဆောင်လာခဲ့တာတွေ၊ အတိတ်က အကြောင်းတရားတွေက ယခုပစ္စုပ္ပန်မှာ အကျိုးတရားတွေဖြစ်နေသလို ယခုပစ္စုပ္ပန်အကြောင်းတရားတွေကလည်း အနာဂတ်အကျိုးတရားတွေဖြစ်မှာမလွဲပါ။

ဦးစွာ မိမိစိတ်မိမိနိုင်ဖို့ရာ

ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ရင် ကောင်းတာထက် လွဲတာတွေ ပိုများနေသလားလို့ပါ။ ဘာနဲ့တိုင်းတာဖြစ်လို့ပါလဲ၊ အားမရတာတွေများမယ်၊ စိတ်ဓာတ်ကျတာတွေများမယ်၊ မတည်ငြိမ်မှုတွေ၊ ပူလောင်မှုတွေ သောကတွေနဲ့၊ ကံမကောင်းပါလားလို့ တွေးချင်တွေးမိမယ်။ ကိုယ့်ကိုယ်ကိုယ်မညာတမ်း၊ လူဆိုတာ အပြုဘက်ထက် အပျက်အတွေးများတတ်တဲ့ သဘောအမှန်ပါ။ ဒီလိုစိတ်ပိုင်းဆိုင်ရာ ရိုက်ခတ်မှုတွေကို မိမိရဲ့စိတ်အရည်အသွေးဆိုင်ရာပေတံနဲ့ပဲ တိုင်းတာကြည့်နိုင်ပါတယ်။

ခြုံပြီးကြည့်ရင် အတက်ထက် အကျဘက်၊ တိုးတက်မှုထက် ဆုတ်ယုတ်မှုဆီ ပိုရောက်နေကြောင်း သတိပြုမိကြလိမ့်မယ်။ တိုးတက်မှုဆိုတာမှာ မြင်သာတဲ့ရုပ်ပစ္စည်းပိုင်း တိုးတက်မှုကိုသာ ဆိုလိုခြင်းဖြစ်ပြီး ဆုတ်ယုတ်မှုဆိုရာမှာ စိတ်ပိုင်းဆိုင်ရာ ဆုတ်ယုတ်လာမှုကို ဆိုလိုခြင်းဖြစ်ပါတယ်။ လူ့အသက်တွေ၊ လူ့ဘဝတွေ တန်ဖိုးမထားကြတော့တဲ့အထိ အနိမ့်ဆုံးထိုးဆင်းသွားတဲ့စိတ်ဓာတ်တွေ၊ ပျက်စီးသွားတဲ့စိတ်ထားတွေ၊ ပြောင်းလဲသွားတဲ့အတွေးအမြင်တွေ၊ မူမမှန်တဲ့ ယုံကြည်ချက်ခံယူချက်တွေကြောင့် ဖြစ်ပါတယ်။

ကမ္ဘာနဲ့ယှဉ်ပြီးကြည့်ရင် ပိုမြင်သာပါတယ်။ လောဘမီး၊ ဒေါသမီး၊ မောဟမီးကြောင့်ဖြစ်တဲ့ ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေက ပိုများနေတယ်၊ ကမ္ဘာ့နေရာအနှံ့၊ စနစ်မရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အင်အားကြီး၊ ငယ်မရွေး ဆင်းရဲသူကဆင်းရဲလို့ ချမ်းသာချင်တယ်၊ ချမ်းသာသူက ပိုတိုးပြီးတိုးပြီး ချမ်းသာချင်နေတယ်။ သူများနယ်မြေနယ်ချဲ့လိုသူက ကိုယ့်မှာရှိတဲ့နယ်မြေနဲ့ မတင်းတိမ် နယ်မြေပိုရချင်တယ်၊ အာဏာမရှိသူကလည်း အာဏာပိုလိုချင်တယ်၊ အာဏာရှိပြီးသူကလည်း ပိုရှိချင်တယ်၊ ရောက်တဲ့နေရာကနေ ပြုတ်ကျမှာစိုးရိမ်လို့ ရုံးကြတယ်၊ ကာကြတယ်၊ တားကြ၊ ဆီးကြတယ်၊ အင်အားမရှိသူကလည်း မရှိလို့ရချင်၊ ရပြီးသူကလည်း ပိုရှိချင်ကြတယ်။ အင်အားတောင့်အောင် နယ်ချဲ့လာကြတယ်၊ ဟီရိသြတ္တပ္ပမရှိ၊ ကိုယ့်အတ္တသာ ပထမဦးစားပေး လွန်ကဲမှုကြောင့် ငြိမ်းငြိမ်းချမ်းချမ်းနေလိုသူတွေလည်း မနေသာတော့၊ ကိုယ့်ကိုယ်ကိုယ်ခုခံကာကွယ်ဖို့ ပြင်ကြရတော့တယ်၊ ပဋိပက္ခမီးတောက်တွေက နေရာအနှံ့၊ မတည်ငြိမ်မအေးချမ်း၊ မငြိမ်းချမ်းတော့ပျက်စီး၊ အတိတ်ကိုပြန်ကြည့် ဆင်ခြင်မိတဲ့အခါ၊ အကြောင်းတရားတွေက အားနည်းနေပြီး အားမရှိတဲ့အခါ အနာဂတ်အကျိုးလည်း ကောင်းနိုင်ပါ့မလား၊ နှစ်ဟောင်းကအကြောင်းတရားတွေက နှစ်သစ်ကို အကျိုးတရားတွေဖြစ်စေပြီဆိုတော့ ကျွန်တော်တို့ အားလုံးမှာ သို့သော် အချိန်မီပါသေးတယ်၊ လုံးဝနောက်မကျသေးပါ။ နှစ်ဟောင်း၊ နှစ်သစ် အကူးအပြောင်းမှာ အကောင်းတွေနဲ့သာ စတင်ကြစို့ရဲ့၊ အကောင်းတွေနဲ့စခြင်းဆိုတာ တတ်နိုင်သမျှ အကောင်းတွေလုပ်မိ၊ ပြောမိ၊ တွေးမိအောင် သတိထားနေထိုင်ကြဖို့ပါ။ အကောင်းတွေနဲ့စဆိုတော့ မိမိကိုယ်တိုင်ကပဲစရမှာ၊ မိမိအတွင်းအဏ္ဏတ္တမှာ မိမိစိတ်မိမိနိုင်ဖို့က ပိုအရေးကြီးပါတယ်၊ မိမိရဲ့ ရုပ်၊ နာမ်ခန္ဓာနဲ့ မိမိရဲ့ပတ်ဝန်းကျင်က အညမညသဟဇာတဖြစ်နေတဲ့အတွက် ကိုယ့်ဘက်က ဦးစွာငြိမ်းချမ်းအောင်နေနိုင်မှ ပတ်ဝန်းကျင်ဟာလည်း ငြိမ်းချမ်းသာယာမှာဖြစ်ပါတယ်လို့ ဆိုလိုတဲ့သဘော။ World Meditation Day မှသည် ငြိမ်းချမ်းမှုဆီသို့၊ ဒါကြောင့်လည်း ပြီးခဲ့တဲ့ဒီဇင်ဘာလ ၂၁ ရက်နေ့ “World Meditation Day” “ကမ္ဘာ့သမထဘာဝနာနေ့”၊ “စိတ်ကိုငြိမ်းအေးစေသော တရားအားထုတ်ခြင်းကမ္ဘာလုံးဆိုင်ရာနေ့” နေ့ထူးနေ့မြတ်မှာ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာမိုဒီက မိမိတို့ဘဝမှာ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အကျိုးကျေးဇူးများဖြစ်ထွန်းဖို့ တရားရှုမှတ်အားထုတ်ခြင်းကို သက်ဝင်ယုံကြည်အားထုတ်ကြဖို့ အများနဲ့ ကမ္ဘာကြီးကို တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ပါတယ်။ အိန္ဒိယဝန်ကြီးချုပ်က တရားရှုမှတ်အားထုတ်ခြင်းကို တစ်ဦးချင်းစီရဲ့ဘဝများငြိမ်းချမ်းရေးမှသည် လူ့အဖွဲ့အစည်းကြီး တိုးတက်ဖြစ်ထွန်းအောင်မြင်ရေး၊ ဒီကမ္ဘာမြေကြီး ငြိမ်းချမ်းသာယာဝပြောစေတဲ့အထိ စွမ်းအားကြီးမားတဲ့ စိတ်ပိုင်းဆိုင်ရာ ကျင့်စဉ်တစ်ခုအဖြစ် ညွှန်းဆိုခဲ့ပါတယ်။ ၎င်းကဆက်လက်ပြီး တရားအားထုတ်ခြင်းနည်းနာတွေကို ဗီဒီယိုလမ်းညွှန်ချက်တွေက တစ်ဆင့်လေ့လာကျင့်ကြနိုင်ပါကြောင်းလည်း အကြံဉာဏ်ပေးခဲ့ပါတယ်။ အိန္ဒိယဂုရုကြီး တစ်ဦးဖြစ်တဲ့ ရာဗီရှန်ကာကတော့ သမထရှုမှတ်ခြင်းဟာ စိတ်ကျန်းမာရေးကို ကျေးဇူးပြုပြီး မိမိတို့ရဲ့ စိတ်စွမ်းအားကို မြင့်မားစေပါကြောင်းနဲ့ လူ့အဖွဲ့အစည်းနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အခြေခံစိတ်ကျန်းမာရေးကို မြှင့်တင်ကြဖို့ နှိုးဆော်တိုက်တွန်းသွားခဲ့ပါတယ်။ သမထဘာဝနာက စိတ်ကျန်းမာရေးကို ဘယ်လိုအထောက်အကူပြုသလဲဆိုရင် တရားရှုမှတ်ခိုက်မှာ မကောင်းတဲ့ကာမအာရုံတွေနဲ့ ကင်းကွာနေတယ်၊ အကုသိုလ်စိတ်တွေမဖြစ်၊ ကာယ၊ စိတ္တ နှစ်ဖြာသောသုခနဲ့ပြည့်ဝနေပြီး စိတ်တွေ စင်ကြယ်နေတဲ့သဘောဖြစ်လို့ပါပဲ။ တစ်နည်းအားဖြင့် မဂ္ဂင်ရှစ်ပါးထဲက သမ္မာသမာဓိဖြစ်နေလို့ပါပဲ။

မှန်ပါတယ်။ စိတ်ကျမ်းမာရေးအတွက် သမထစွမ်းအားနဲ့ စိတ်စွမ်းအားကို ပြုစုပျိုးထောင်ခြင်းမှသည် ထေရဝါဒဗုဒ္ဓဘာသာဝင်တွေအဖို့မှာတော့ မိမိတို့ခန္ဓာ ရုပ်၊ နာမ်တရားများကိုဆင်ခြင်ပြီး မကောင်းတဲ့ ကိလေသာတို့ချုပ်ငြိမ်းရာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့အထိ၊ အိုခြင်း၊ နာခြင်း သေခြင်းမရှိတော့တဲ့အထိ၊ ရုပ်၊ နာမ်ပရမတ်အားလုံး ချုပ်ငြိမ်းတဲ့အထိ ကျင့်ကြံအားထုတ်ရာ ဝိပဿနာ ကျင့်စဉ်များ ဥဇာဏ်စဉ်များအပြင် လေ့လာသင်ကြားနာယူမှုများလည်း အတော်အတန်ရှိကြပြီးဖြစ်ပါတယ်။ ဆိုလိုတာက တစ်ဖက်မှာ ခက်ထန်ကြမ်းတမ်းပြီး မကောင်းတဲ့အနိဋ္ဌာရုံတွေ ထူပြောနေစဉ်မှာ တစ်ဖက်မှာလည်း ထိုအနိဋ္ဌာရုံတွေလျော့ပါးပြီး ကင်းစင်ပျောက်နိုင်မယ့်၊ အကုသိုလ်မှသည် ကုသိုလ်အဖြစ် ပြောင်းလဲပေးနိုင်မယ့်၊ ဒီကတစ်ဆင့် မိမိနဲ့ပတ်ဝန်းကျင်ကိုသာယာလှပစေမယ့် သမထဝိပဿနာကျင့်စဉ်တွေ အဆင်သင့်ရှိပြီးဖြစ်တယ်လို့ ဆိုခြင်းဖြစ်ပါတယ်။ အလေ့အကျင့်မလုပ်ခင်မှာ တရားစာပေတွေကို ဦးစွာ နာယူပူဇော်လေ့လာခြင်းအားဖြင့်လည်း အသိနဲ့အကျင့်ကို ကောင်းစွာ ပေါင်းစပ်ပေးနိုင်မှာဖြစ်ပါတယ်။

ပတ်ဝန်းကျင်ကို ငြိမ်းချမ်းစေလိုရင် မိမိသန္တာန် မိမိ ဦးစွာငြိမ်းချမ်းနေမှဖြစ်မှာပါ။ မိမိကိုယ်တိုင် အပူတွေနဲ့ငြိမ်းချမ်းမနေဘဲ အများကိုငြိမ်းချမ်းအောင် ဘယ်လိုမှလုပ်လို့မရပါဘူး။ လုပ်လည်းမဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုရင် လိုချင်တာတွေများပြီး လိုချင်လွန်းတဲ့လောဘတွေ၊ လိုချင်တာမရတော့ ဖြစ်လာရတဲ့ သောက ပရိဒေဝ ဒုက္ခဒေါမနဿနဲ့ အတွင်းမှာလောင်မြိုက်နေတဲ့ ဒေါသတရားတွေ၊ လောဘကို လောဘဖြစ်မှန်း ဒေါသကိုဒေါသဖြစ်မှန်းမသိမှု မောဟတရားတွေ၊ ထိုလောဘ၊ ဒေါသ၊ မောဟ မူလအကုသိုလ်တရားဆိုးများ အခြေယ်လှယ်ခံနေရသရွေ့ ဘယ်လိုမှငြိမ်းချမ်းနိုင်မှာ မဟုတ်တဲ့အတွက်ကြောင့်ပါပဲ။

အကြောင်းရင်းကိုရှာ အကျင့်မှန်ဖြင့် ပယ်နိုင်ရမှာ

ဒါကြောင့်လည်း ကုသိုလ်ကိုကုသိုလ်မှန်း အကုသိုလ်ကိုအကုသိုလ်မှန်း သိနေဖို့လိုကြောင်း ကျေးဇူးရှင်မြတ်စွာဘုရားက ဟောကြားခဲ့ခြင်းဖြစ်ပါတယ်။ ထို့အပြင် နိဒါန်းပိုင်းမှာတင်ပြခဲ့တဲ့ အကြောင်းနဲ့အကျိုး၊ အကြောင်းတရားတွေပေါင်းစုံညီညွတ်မှဖြစ်လာတဲ့ အကျိုးတရားတွေဆိုတာ အကြောင်းနဲ့အကျိုးဆက်စပ်မှုကို ပြသနေပါတယ်။ ယနေ့အဖြစ်အပျက်တွေ ကြုံရတဲ့အရာတွေဟာ အတိတ်ကကိုယ်လုပ်ခဲ့လို့ ရလာတာတွေပဲဖြစ်တယ်။ အကြောင်းတွေရှိခဲ့လို့ အကျိုးတွေ ရလာတာဖြစ်တယ်။ အကြောင်းကင်းတဲ့အကျိုးတရားဆိုတာလည်းမရှိပါ၊ ထိုတရားဟာ ကိန်းသေမြဲတဲ့အမှန်တရားဖြစ်ပါတယ်။ ဒါကြောင့်လည်း သစ္စာအမည်တပ်ပြီး သစ္စာလေးပါးအမည်တွင်ခဲ့ခြင်းဖြစ်ပါတယ်။

မသိကြလို့သာပါ အားလုံးဟာ ဒုက္ခချည်းပါပဲတဲ့၊ ရခဲလှတဲ့လူ့ဘဝဆိုပေမယ့် လူ့ဘဝကို လိုချင်လို့ တောင့်တခဲ့မှုကြောင့် မိခင်ဝမ်းတွင်းမှာ ပဋိသန္ဓေဆင်းရဲနဲ့ စခဲ့ရတဲ့လူ့ဘဝ၊ နောက်တော့ အိုရနာရ မရဏဒုက္ခ။ ဒါကြောင့် ဆရာတော်ဘုရားကြီးတွေက အမြဲဟောခဲ့တာဖြစ်ပါတယ်။ လူတွေက လက်ရှိမြင်ရ၊ တွေ့ရတဲ့အကျိုးတရားကိုသာကြည့်ပြီး ဆုံးဖြတ်နေကြတယ်။ အမှန်က အကျိုးကိုဖြစ်စေတဲ့ အကြောင်းတရားကိုသာ မြင်အောင်ကြည့်ပြီး အကြောင်းကို ပယ်သတ်ရမှာဖြစ်ကြောင်း ဟောကြားချက်တွေက အမှန်တကယ် မှတ်သားထိုက်တဲ့ တရားစစ်တရားမှန်များဖြစ်ကြောင်း ဆင်ခြင်ကြည့်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ဟာ လက်ရှိကြုံတွေ့နေရတဲ့သုခချမ်းသာနဲ့ ဒုက္ခဆင်းရဲတွေရဲ့အကြောင်းရင်းက ဘာလဲမြင်အောင်ကြည့်သင့်ပါတယ်။ သစ္စာလေးပါးတရားတော်မှာ ဒုက္ခသစ္စာရဲ့အကြောင်းက သမုဒယသစ္စာဖြစ်ကြောင်း နာယူခဲ့ကြဖူးမှာပါ။ ဘာကို ဘယ်လို ပယ်သတ်ကြရမလဲ၊ ဒုက္ခရဲ့အကြောင်းရင်းဖြစ်တဲ့ လောဘဆိုတဲ့သမုဒယကို ဦးစွာ ပယ်သတ်ရမှာဖြစ်ပါတယ်။ ဒီအတွက် အယူမှန်၊ အသိမှန်ဖို့လိုပါတယ်။ အမှန်မြင်မှ အမှန်ကြံတွေးနိုင်မှာပါ။ အတွေးမှန်မှ မုသားမပါလုပ်ကြံမပြော၊ ကုန်းမတိုက်မကြမ်းတမ်း အပြောလည်း မှန်မှာဖြစ်ပါတယ်၊ ဒုစရိုက်မှန်သမျှရှောင်ပြီး အလုပ်လည်းမှန် မှန်မှန်ကန်ကန်အသက်မွေးမှုဖြစ်ရပါမယ်။

အလုပ်မှန်ဖို့ဆိုရာမှာ ဝီရိယထား အလုပ်လုပ်မှလည်း အောင်မြင်ပါမယ်။ တရားတော်လာ “ဝီရိယ” ဆိုတဲ့ သဘောမှာ မဖြစ်သေးတဲ့အကုသိုလ်တွေ မဖြစ်အောင်၊ ဖြစ်ပြီးအကုသိုလ်တွေပယ်နိုင်အောင်၊ မရသေးတဲ့ကုသိုလ်တွေရရှိအောင်၊ ရပြီးသား ကုသိုလ်မြဲနေအောင် ကြိုးစားနေရမှာဖြစ်ပါတယ်။ ဒါမှလည်း မှန်ကန်တဲ့ ဝီရိယဖြစ်ပါမယ်။ ဒီလို ကြိုးစားအားထုတ်နိုင်အောင်က အစဉ်မမေ့မလျော့ တတ်တဲ့ သတိကပ်နေမှ ဖြစ်မှာပါ။ သတိမြဲအောင် ကတော့ သမာဓိဆိုတဲ့စိတ်ကို အာရုံတစ်ခုတည်းမှာ တည်ကြည်မြဲမြံနေအောင် လေ့ကျင့်ခြင်းနဲ့ ရယူနိုင်ပါတယ်။ ဘာလုပ်လုပ် သတိရှိနေမှသာ အကုသိုလ်ကို အကုသိုလ်ဖြစ်မှန်း၊ ကုသိုလ်ကို ကုသိုလ်ဖြစ်မှန်း သိနေမှာဖြစ်ပါတယ်။

တင်ပြခဲ့သလို မရှိလို့လိုချင် ရတော့လည်းပူပင်၊ ခဏချမ်းသာကို အဟုတ်ထင်၊ မြဲတယ်ထင်ပြီး အမှန်ကိုအမှား အမှားကိုအမှန်၊ ထင်တိုင်းကြေနေကြတာ၊ ဒီလိုလေးတွေ နည်းနည်းလောက်သိရရင်ပဲ အတော်ဟုတ်နေပါပြီ။ အရာရာမှာ တရားဖက်ပြီး နှလုံးသွင်းနိုင်ရင် ရမ္မက်လည်းပြေ အမျက်လည်းပြေလို့ သင့်တင့်မျှတတဲ့ လောကကြီးဖြစ်မှာမလွဲပါ။ အရာရာဟာ ဖြစ်ပြီးပျက်တတ်တဲ့သဘော ဘာမှမမြဲပါလား၊ ဖြစ်ချင်သလိုလည်းမဖြစ်၊ မဖြစ်ချင်တာဖြစ် ဘာမှလည်းအစိုးမရပါလား၊ အလေ့အကျင့်လေးလုပ်၊ သတိလေးထားတတ်လာတဲ့အခါ မိုးချုပ်သွားလည်းခဏပါ တစ်ဖန်မိုးလင်းကြုံမှာပဲ၊ အမှောင်ပြီးရင် အလင်းလာမှာပဲလို့ ဆင်ခြင်လိုက်ရင် အခက်အခဲတွေ စိန်ခေါ်မှုတွေဆိုတာက ခေါင်းအေးအေးထား အပြုသဘော ချဉ်းကပ်ပြီး အကောင်းဆုံးဖြေရှင်းသွားနိုင်ကြောင်း တွေ့ရပါလိမ့်မယ်။ အခုလို နှလုံးသွင်းမှန်ခြင်းကပင် ကုသိုလ်တရားဖြစ်နေပါတော့တယ်။

ဒါကြောင့် အားကိုးရာခမ္မကသာ မိတ်ဆွေအစစ်အမှန် ဖြစ်ပါတယ်။ ဒီကုသိုလ်တရားကသာ မိမိကော မိမိပတ်ဝန်းကျင်ကိုပါ ဘေးရန်အပေါင်းကနေ အကာအကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် အခုလိုကာလ အခုလိုအခြေအနေမျိုးမှာ ပိုပြီးဂရုစိုက် အားထည့်ကြရမှာ။ စိတ်ချမ်းသာစရာအကြောင်းတွေပြုမှုမှလည်း စိတ်ချမ်းသာစရာတွေဖြစ်လာမယ်။ ပဋိပက္ခတွေချည်း ဖန်တီးနေရင်လည်း ဆိုးကျိုးတွေသာဖြစ်လာမှာ။ ဒီလိုအခြေအနေတွေအောက်မှာ အတ္တ၊ ပရမ္မတစ္စာနဲ့ တရားအကာအကွယ်သာရယူပြီး လောကကို အကောင်းဆုံးအကျိုးပြုနိုင်အောင် ကြိုးစားကြည့်ကြပါစို့လား။ ။

စစ်သုံ့ပန်းများကို လည်လှီးသတ်ဖြတ်ခဲ့ကြသည့် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်နှင့်ပတ်သက်၍ မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ။ ၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်
၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်၊ စနေနေ့
စာအမှတ်။ ။ ၁၃/ မ မ ရ သ /၂၀၂၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် (၁၃၅) မျိုးသောတိုင်းရင်းသားတို့ စည်းစည်းလုံးလုံးဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြသောနိုင်ငံဖြစ်သည်။ ယနေ့လှလှပပတည်ရှိနေသော မြန်မာ့မြေပုံသည်(၁၃၅) မျိုးသော တိုင်းရင်းသားတို့၏ပိုင်နက်နယ်မြေဖြစ်သည်။ လူမျိုးစုတစ်စုထဲကပိုင်သော နယ်မြေဆိုသည်မှာ တစ်လက်မမျှ မရှိပါ။ လူမျိုးစုအားလုံးပိုင်သော ဘုံဆိုင်နယ်မြေသာ ဖြစ်သည်။

၂။ ပုဂံခေတ် ရာဇကုမာရကျောက်စာကိုကြည့်လျှင် မြန်မာ့မြေပေါ်တွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရာဇကုမာရမင်းသားသည်ပင် ဥပဝတ်ခေါ် ရခိုင်ဒေသကိုအုပ်ချုပ်ခဲ့သော နယ်စားမင်းသားတစ်ပါးပင်ဖြစ်သည်။ ထို့ကြောင့် ရာဇကုမာရကျောက်စာသည် ပင်လုံစာချုပ်ထက် ခိုင်မာသော "ပြည်ထောင်စုစာချုပ်တစ်ခု" ဖြစ်သည်။ ယင်းပြည်ထောင်စုစာချုပ်ကိုကြည့်လျှင် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံးနေထိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

၃။ ယနေ့အချိန်၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံ ရင်ဆိုင်လျက်ရှိ၏။ ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများမဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်။ ဒေသတွင်း စစ်ပွဲများဖြစ်သောအခါ ဒေသခံလူထုသည် အိုးအိမ်ကိုစွန့်ပစ်၍ တခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။ AA ကို လက်မခံကြသည့် ရခိုင်လူမျိုးများသည် စစ်ပွဲများကြောင့် အိုးအိမ်ကိုစွန့်ခွာပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လျက်ရှိကြသည်။ မြန်မာလူမျိုးများကလည်း ရခိုင်တိုင်းရင်းသားများကို ကူညီရိုင်းပင်းလျက်ရှိပါသည်။

၄။ လက်နက်ကိုင်သူပုန်အဖွဲ့ထဲတွင် ရခိုင်သူပုန် AA သည် အယုတ်မာဆုံးအဖွဲ့ဖြစ်သည်။ ဒေသစစ်ပွဲများ၌ ရခိုင်လူထုကိုငဲ့ညှာ၍ အလံဖြူထောင်ခဲ့ကြသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး ၎င်းမြေကျင်းထဲသို့ထည့်၍ လည်လှီးကာသတ်ဖြတ်ခဲ့ကြသည်။ ထို့အပြင် စစ်သုံ့ပန်းများ လည်လှီးသတ်ဖြတ်မှုကို ဗီဒီယိုရိုက်ကူး၍လည်း အွန်လိုင်းပေါ် လွှင့်တင်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ စီးလာသောသင်္ဘောကို ဖောက်ခွဲ၍ ရေနစ်နေသည့်အမျိုးသမီးများနှင့် ကလေးများကိုလည်း သတ်ဖြတ်ခဲ့ကြသည်။ AA ၏လုပ်ရပ်သည် ဂျနီဗာကွန်ဗင်းရှင်း၏စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်သည့်အတွက် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။

၅။ ဂျနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်းချိုးဖောက်ကာ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသော ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့ကို နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်းများမှ အသီးသီးဝိုင်းဝန်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချသင့်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖိုးရကလည်း အေးချမ်းစွာနေလိုသော ရဟန်းရှင်လူပြည်သူတို့အား ထိုသို့သောလက်နက်ကိုင်သူပုန်အဖွဲ့၏ နောင့်ယှက်မှုမှ အကာအကွယ်ပေးနိုင်ဖို့ အမြန်ဆုံးဆောင်ရွက်သင့်ပါသည်။

၆။ မြန်မာနိုင်ငံကို စစ်နွံထဲ နစ်သထက်နစ်အောင် လုပ်ကိုင်ဆောင်ရွက်နေသော အကြမ်းဖက်အဖွဲ့အစည်းများအားလည်းကောင်း၊ မြန်မာနိုင်ငံမှခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ဖို့ ကြိုးစားနေသော ဒေသခံလူတချို့အားလည်းကောင်း၊ လူသားချင်း စာနာထောက်ထားမှုမရှိဘဲ စစ်ရာဇဝတ်မှုကျူးလွန်နေသည့် ရခိုင်သူပုန် AA အဖွဲ့၏ လူမဆန်သည့်လုပ်ရပ်အားလည်းကောင်း မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)မှ ပြင်းပြင်းထန်ထန်ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက် ထုတ်ပြန်လိုက်သည်။

မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ဘွဲ့ခံကျောင်းသား ကျောင်းသူများနှင့် မိသားစုများ တက်ရောက်ကြသည်။



ဂုဏ်ပြုဆုများချီးမြှင့်

အခမ်းအနားပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် မောင်တို့မယ်တို့ လျှောက်လှမ်းကြရမည့်ဘဝခရီးအတွက် ခြေလှမ်းအစဖြစ်ပြီး အနာဂတ်ခြေလှမ်းများကို ရှေ့ဆက်ရန် အခွင့်အလမ်းလည်းဖြစ်ကြောင်း၊ တိုးပွားလာမည့် လူသားသန်းပေါင်းများစွာအတွက် ကျန်းမာသန့်ရှင်းသောအစားအစာအလုံအလောက်ထွက်ရှိရန်၊ ရှိပြီးသောအရင်းအမြစ်များ မပျက်စီးဘဲ စိုက်ပျိုးမွေးမြူနိုင်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့ချရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ အနည်းဆုံးနှင့် စိုက်ပျိုးမွေးမြူနိုင်ရန် ယနေ့ကမ္ဘာတွင် စက်မှုလယ်ယာခေတ်ကို ကျော်လွှန်ပြီး Second Agricultural Evolution ကို စတင်ခြေလှမ်းနေပြီဖြစ်ကြောင်း၊ အလားတူမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အလိုအလျောက်စနစ် (Automation)၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)၊ မျိုးရိုးဗီဇတည်ဆောက်ပြုပြင်သောစနစ် (Genetic Engineering)၊ ဆက်သွယ်ရေးနည်းပညာ (Internet of Things) အစရှိသည့် နည်းပညာများကို မိမိတို့မျိုးဆက်သစ်ပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာနည်းတူ အသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်၊ ကမ္ဘာနှင့်ရင်ပေါင်တန်းပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက်ဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အဓိတက္ကသိုလ်ကြီး၏ဂုဏ်သိက္ခာကို ဝင့်ထည်အောင် ကျင့်ကြံဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက တန်းစဉ်ပေါင်း ရမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနားဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များအား သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်သည်။

နိုင်ငံတော်၏ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က နှစ်စဉ်မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ်မှ ယနေ့အထိ ၆၇ နှစ်အတွင်းမှာ တိရစ္ဆာန်ဆေးသိပ္ပံ (BVS/BVSc) ဘွဲ့ရ ၅၆၇၂ ဦး၊ မွေးမြူရေးပညာ (BASc) ဘွဲ့ရ ၂၅၃ ဦး၊ တိရစ္ဆာန်ဆေးပညာ (DVM) ဘွဲ့ရ ၁၈၃ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ (Dip L.I.S) ၂၂၀၊ မွေးမြူထုတ်လုပ်ရေးဒီပလိုမာ (Dip.L.P.A.) ၄၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာမဟာဒဿန (MPhil) ၂၁ ဦး၊ မွေးမြူရေးမဟာပညာ (MASc) တစ်ဦး၊ တိရစ္ဆာန်ဆေးပညာမဟာ (MVM)ကိုးဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ (MVSc) ၃၄၁ ဦး၊ ပါရဂူ (PhD) ၂၅ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် (BASc) ဘွဲ့ရ ၂၄၄ ဦး၊ (DVM) ၇၅ ဦး၊ (MASc) တစ်ဦး၊ (MVSc)ခြောက်ဦး စုစုပေါင်း ၁၃၆ဦးအား သက်ဆိုင်ရာဘွဲ့များချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ချောင်းဦးမြို့၌ ယူရီးယားမြေဩဇာအိတ်များ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချ

ချောင်းဦး ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးတွင် ဒီဇင်ဘာ ၂၈ ရက်က ဆောင်းသီးနှံ(ဂျုံ) စိုက်တောင်သူများအား နေကြာသီးနှံသီးထပ်၊ သီးညှပ်စိုက်ပျိုးရေး တောင်သူများအား ယူရီးယားမြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည်။




မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ဆောင်းသီးနှံ(ဂျုံ) စိုက်တောင်သူများအား နေကြာသီးနှံကို သီးထပ်၊ သီးညှပ် တိုးချဲ့စိုက်ပျိုးလာစေရန်၊ ဒေသတွင်းစားသုံးဆီ ဖူလုံစေရန်သာမက အခြားဒေသများကိုပါ တင်ပို့ရောင်းချနိုင်စေရန်၊ ကျန်းမာရေးနှင့် သင့်တော်ပြီး အရည်အသွေးကောင်းသည့် နေကြာဆီကို စားသုံးနိုင်စေရန် ရည်ရွယ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် ရရှိလာသည့် ယူရီးယားမြေဩဇာအိတ်များကို သက်သာသောဈေးနှုန်းဖြင့် တောင်သူများအား ဖြန့်ဖြူးရောင်းချပေးနိုင်သည့် အတွက် ဆောင်းသီးနှံကျုံစိုက်တောင်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထွက်နှုန်းတိုးတက်မြင့်မားလာစေရန် ရည်ရွယ်ကြောင်း ရှင်းလင်းပြောကြားသည်။

နှီးနှောဖလှယ်ပွဲတွင် တောင်သူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး နေကြာသီးထပ်၊ သီးညှပ်စိုက်ပျိုးခြင်းနှင့် ပတ်သက်သည့် အတွေ့အကြုံဗဟုသုတများ ဖလှယ်ကြပြီး မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးက နေကြာပန်းတိုင်အထွက်နှုန်း ရရှိရေး ဆောင်ရွက်ရမည့်နည်းလမ်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေးဆွေးနွေး၍ ဒုဦးစီးမှူး ဒေါ်မာလာနွယ်က ဘက်စုံပိုးမွှားရောဂါ ကာကွယ်နည်းများကို ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများအား ယူရီးယားမြေဩဇာအိတ်များ ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး နေကြာရေဆင်းစပ်မျိုး-၁ မျိုးများ ဖြန့်ဖြူးပေးအပ်ခဲ့သည်။

တောင်သူလယ်သမား နှီးနှောဖလှယ်ပွဲသို့ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ တောင်သူ ၉၃ ဦး တက်ရောက်ခဲ့ကြောင်း၊ ချောင်းဦး မြို့နယ်တွင် ၂၀၂၄-၂၀၂၅ အတွက် ကျုံသီးနှံစိုက်ပျိုးရန် ၁၂၂၀၀ ဧက လျာထားထားပြီး ၁၁၁၉၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။ **ဝင်းမြင့်အောင်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်



တရုတ်သမ္မတရှီကျင့်ဖျင် လာမည့်နှစ်တွင် ရုရှားနိုင်ငံသို့ သွားရောက်မည်

ပေကျင်း ဒီဇင်ဘာ ၂၉

တရုတ်သမ္မတရှီကျင့်ဖျင်သည် လာမည့်နှစ်တွင် ရုရှားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး အိုင်ဂေါ် မိုဂူလော့ဖ်က ဒီဇင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ယခုခရီးစဉ်သည် အနောက်အုပ်စုနိုင်ငံများ၏ တရုတ်နှင့် ရုရှားနိုင်ငံများအပေါ် ဖိအားပေးနေမှုများအား တုံ့ပြန်ဆောင်ရွက်ရန်အတွက် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်းဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အနောက်နိုင်ငံများမှ ဖိအားပေးခြင်းကို တုံ့ပြန်ရေးအတွက် စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် တရုတ်နိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားရန် ရုရှားနိုင်ငံက ကတိပြုထားကြောင်း ၎င်းက ရုရှားနိုင်ငံပိုင်သတင်းအေဂျင်စီ RIA Novosti သို့ မှတ်ချက်ပြု ပြောကြားခဲ့သည်။

"နိုင်ငံတကာနယ်ပယ်မှာ အနောက်နိုင်ငံတွေက ရုရှားနဲ့ တရုတ်ကို ဆန့်ကျင်ဖို့ ကြိုးစားနေတဲ့ ဆောင်ရွက်ချက်ကို မိမိတို့အနေနဲ့ ခုခံမှုနဲ့ ဆက်ပြီး တုံ့ပြန်ရမှာဖြစ်ပါတယ်"ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

"အမေရိကန်နှင့် အာရှ-ပစိဖိတ်ဒေသရှိ ၎င်း၏ မဟာမိတ်များသည် တရုတ်နိုင်ငံအပေါ် စစ်ရေးအရ ဖိအားပေးမှုများကို စနစ်တကျ တိုးမြှင့်ဆောင်ရွက်နေသည်"ဟု ၎င်းက ပြောကြားခဲ့သည်။

ကိုးကား – ဆောက်ချိုင်းနားမောနင်းပို့စ်၊ ဘာသာပြန် – စိုးသူရ

ကမ္ဘောဒီးယားအစိုးရက အီလက်ထရွန်းနစ်ဗီဇာ (e-visa)အခကြေးငွေ လျှော့ချကောက်ခံမည်

ဖနောင်ပင် ဒီဇင်ဘာ ၂၉

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်းသို့ လာရောက်သည့် နိုင်ငံခြားသား ခရီးသည်များအတွက် အီလက်ထရွန်းနစ်ဗီဇာ (e-visa) အခကြေးငွေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားအမျိုးအစား (e-visa T)အတွက် အခကြေးငွေကို လက်ရှိ အမေရိကန်ဒေါ်လာ ၃၆ ဒေါ်လာမှ ဒေါ်လာ ၃၀ သို့ လျှော့ချကောက်ခံသွားမည်ဖြစ်ပြီး ပုံမှန်အမျိုးအစား(e-visa E)အတွက် အခကြေးငွေကို လက်ရှိ အမေရိကန်ဒေါ်လာ ၄၂ ဒေါ်လာမှ ၃၅ ဒေါ်လာအထိ လျှော့ချကောက်ခံသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယားအစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါလှုပ်ရှားမှုသည် ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားများနှင့် ရင်းနှီးမြှုပ်နှံသူများကို ပိုမိုဆွဲဆောင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားအစိုးရ၏ အီလက်ထရွန်းနစ်ဗီဇာ(e-visa) အခကြေးငွေ လျှော့ချကောက်ခံမှုသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကို သိသိသာသာ မြှင့်တင်ပေးနိုင်ဖွယ်ရှိကြောင်း ပစိဖိတ်အာရှခရီးသွားအဖွဲ့(ကမ္ဘောဒီးယား)၏ဥက္ကဋ္ဌ သောင်ဆီနန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း နိုင်ငံခြားသားခရီးသည် ခြောက်သန်းကျော် စံချိန်တင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၂၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။ နိုင်ငံအတွင်းသို့ လာရောက်မှုအများဆုံးနိုင်ငံများမှာ ထိုင်း၊ ဗီယက်နမ်၊ တရုတ်၊ လာအိုနှင့် အမေရိကန်နိုင်ငံတို့ ဖြစ်သည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို ပံ့ပိုးပေးသည့် မဏ္ဍိုင်လေးရပ်အနက်မှ တစ်ခုဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားသားခရီးသည် ၅ ဒသမ ၄၅ သန်း လာရောက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၈ ဘီလီယံခန့် ဝင်ငွေရရှိခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်

တောင်ကိုရီးယား ခရီးသည်တင်လေယာဉ် မီးလောင်ပေါက်ကွဲ၊ ၁၇၇ ဦးသေဆုံး

ဆိုးလ် ဒီဇင်ဘာ ၂၉

ခရီးသည် ၁၇၅ ဦးနှင့် အမှုထမ်းခြောက်ဦး တင်ဆောင်လာသည့် တောင်ကိုရီးယားလေကြောင်းလိုင်း Jeju Air မှ ခရီးသည်တင်လေယာဉ် တစ်စင်းသည် တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ မူအမ်းလေဆိပ်တွင် မီးလောင်ပေါက်ကွဲခဲ့ရာ ၁၇၇ ဦး သေဆုံးကြောင်း တောင်ကိုရီးယားမီးသတ်အာဏာပိုင်များက ယနေ့ပြောကြားသည်။



မီးလောင်မှုဖြစ်ပွား

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါ ခရီးသည်တင်လေယာဉ်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ပျံသန်းလာပြီး တောင်ကိုရီးယားနိုင်ငံ မူအမ်းလေယာဉ်ကွင်း ပြေးလမ်းသို့ ဆင်းသက်ချိန်တွင် ဘီးချမရသည့် အတွက် လေယာဉ်ကိုယ်ထည်နှင့် ရှပ်ပြီးဆင်းခဲ့သော်လည်း အရှိန်ထိန်းရန် ခက်ခဲခြင်းကြောင့် လေယာဉ်ကွင်း ခြံစည်းရိုးနှင့် ဝင်ရောက်တိုက်မိပြီး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

သေဆုံးသူများတွင် တောင်ကိုရီးယားနိုင်ငံသား ၁၇၃ ဦးနှင့် ထိုင်းနိုင်ငံသား နှစ်ဦးတို့ ပါဝင်သည်။

လေယာဉ်မီးလောင်မှုဖြစ်ပွားစဉ် မီးသတ်သမားများက မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက အခင်းဖြစ်ရာ နေရာသို့ ရောက်ရှိလာကာ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

Jeju Air လေကြောင်းလိုင်း၏ အမှုဆောင်အရာရှိချုပ် ကင်မ်အီဘေသည် လေယာဉ်ပျက်ကျမှုဖြစ်စဉ်တွင် အသက်ဆုံးရှုံးခဲ့သည့် ခရီးသည်များနှင့် ကျန်ရစ်သူ မိသားစုများအတွက် ဝမ်းနည်းကြောင်းနှင့် တောင်းပန်ကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောကြားသည်။

ထို့ပြင် မတော်တဆမှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ၎င်းတွင် အပြည့်အဝ တာဝန်ရှိကြောင်း ကင်မ်အီဘေက ဆက်လက်ပြောသည်။

ပြောကြား

ယခုအချိန်တွင် လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ခန့်မှန်းရန် ခက်ခဲကြောင်းနှင့် လေကြောင်းလိုင်းကုမ္ပဏီအနေဖြင့် အစိုးရ၏ စုံစမ်းစစ်ဆေးမှုမှ တွေ့ရှိချက်များကို စောင့်ဆိုင်းရန်လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

ခရီးသည်များ၏ မိသားစုဝင်များကို ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ကင်မ်အီဘေက ဆိုသည်။

လေကြောင်း လိုင်းသည် လေယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းကို အစိုးရနှင့် ပူးပေါင်း၍ အစွမ်းကုန်ကြိုးပမ်း လုပ်ဆောင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကိုးကား – အင်နှစ်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်

ရုရှားနိုင်ငံအား ဒုံးကျည်ဖြင့် တိုက်ခိုက်မည်ဆိုပါက အမေရိကန်နှင့် နေတိုးအဖွဲ့တို့အား စစ်ရေးအရ ပြန်လည်တုံ့ပြန်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား

မော်စကို ဒီဇင်ဘာ ၂၉

ရုရှားနိုင်ငံအား ဒုံးကျည်ဖြင့် တိုက်ခိုက်မည်ဆိုပါက အမေရိကန်နှင့် နေတိုးအဖွဲ့တို့အား စစ်ရေးအရ ပြန်လည်တုံ့ပြန်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလဗ်ဗရော့ဒ်က ဒီဇင်ဘာ ၂၉ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအား အမေရိကန်နိုင်ငံနှင့် နေတိုးအဖွဲ့တို့က ဒုံးကျည်များဖြင့် တိုက်ခိုက်မည်ဆိုပါက စစ်ရေးအရ ပြန်လည်တိုက်ခိုက်မည်ဖြစ်ပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးမည်ဆိုပါကလည်း လက်ခံရန်အသင့်ရှိကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရုရှားနိုင်ငံအနေဖြင့် ပဋိပက္ခဖြစ်ပွားမည့် ကိစ္စရပ်များကို ရှောင်လွှဲနိုင်ရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ညှိနှိုင်းဆွေးနွေးသွားရန် ရှိကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ နေတိုးအဖွဲ့၏ အင်အားချဲ့ထွင်မှုသည် ရုရှားနိုင်ငံ၏ လုံခြုံရေးကို ထိခိုက်လာစေနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ရုရှားနိုင်ငံ၏ မကြာသေးမီက တာဝေးပစ်ဒုံးကျည်များ စမ်းသပ်ပစ်ခတ်ခြင်းသည် မိမိနိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို ပြသခြင်းဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။



ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

အစ္စရေးပြည်သူများက ဟားမတ်စ်အဖွဲ့ ဖမ်းဆီးထားသော ဓားစာခံများကို အမြန်ဆုံးလွှတ်ပေးရန် ဆန္ဒထုတ်ဖော်

ကျေရုဆလင် ဒီဇင်ဘာ ၂၉

အစ္စရေးပြည်သူများသည် ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသော ဓားစာခံများကို အမြန်ဆုံးလွှတ်ပေးရန် ယခုနှစ်၏ နောက်ဆုံးအကြိမ်အဖြစ် စီးပွားရေးမြို့တော် တဲလ်အဗစ်ရှိ လမ်းမများပေါ်တွင် ဆန္ဒထုတ်ဖော်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဆန္ဒထုတ်ဖော်သူများတွင် ဓားစာခံများ၏ ဆွေမျိုးများပါဝင်သည်။



လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသ၌ ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် ဓားစာခံအယောက် ၁၀၀ ခန့်ကျန်ရှိနေသေးကြောင်း အစ္စရေးအစိုးရက ပြောကြားသည်။ သို့သော် အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများလွှတ်ပေးရေးဆိုင်ရာ ကိစ္စများအပေါ် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဆွေးနွေးညှိနှိုင်းမှုမှာ ရပ်တန့်နေဆဲဖြစ်သည်။

ဓားစာခံများ လွတ်မြောက်ရေးအတွက် ဆန္ဒဖော်ထုတ်ရာတွင် ပါဝင်သူများက အစိုးရအား စေ့စပ်ညှိနှိုင်းမှုများပြုလုပ်ရန် တိုက်တွန်းခဲ့သည်။ ဓားစာခံတစ်ဦးချင်း တစ်ယောက်ချင်း မဟုတ်ဘဲ ဓားစာခံအားလုံးကို တစ်ပြိုင်နက် ပြန်လွှတ်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား – အင်နှစ်အိတ်ချ်ကေ ဘာသာပြန် – အောင်ကျော်ကျော်

တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် လေးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်း-ရွှေဘို အမှတ်(၃)ခရိုင်ချင်းဆက်လမ်းဆုံ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၁၉၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၉၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



ရွာသာကြီး Dry Port ၌ သိမ်းဆည်းရမိမှု။

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ တန့်ယန်းမြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၁၂၇၄၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၈၂၇၄၂၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက



ရွာသာကြီး Dry Port ၌ သိမ်းဆည်းရမိမှု။

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၆၄၈ တန်၊ အခြားသစ် သုည ဒသမ ၁၈၇ တန် (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၅၉၆၄၄၈၀၀၀) ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ လိုင်စင်မဲ့ Dump Truck အမျိုးအစား မြေသယ်ယာဉ် ငါးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၅၂၀၉၉၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရုစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၃၃၇၈၅၂၀) ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် သာမည်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၅၁၀၉၉၅၁၀၆ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေ ၇၀၆၂၁၄၆၃၆၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေ ၃၀၆၁၅၇၇၅၁၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၁၂-၂၀၂၄ တနင်္လာနေ့

MRTV HD

၀၆:၀၀ အာရုဏ်တင်းပရိတ်တရားတော်
(ပေတ္တသုတ်၊ရတနသုတ်၊ဝေဇ္ဈဂံသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၀ (ဂု)နှစ်မြောက်လွတ်လပ်ခရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြုတေးသီချင်း
၀၉:၁၀ ကျန်းမာသောဘဝနှင့်လှပသောအနာဂတ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၅ တိုင်းရင်းသားတို့လူမှုဝန်းကျင်ပိုးရုံလင်အနီသားအထိမ်းအမှတ်ဂုယဉ်(နေပြည်တော်)
"တရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေးများ"
၁၁:၃၀ ဘဝနှင့်အနုပညာ
"အဆင့်ဆင့်တက်လှမ်းခဲ့သောအနုပညာဆရာစဉ်"
(အပိုင်း-၁)(ဂုက်ပျောကြော်)
၁၂:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဝိလစ်ပိုင်)
"ဘုတောင်းပြည်ကြယ်တာရာဇတာလာ"
(အပိုင်း-၂၂)
၁၃:၃၀ MRTV National News
၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း
"နှလုံးသားလေးနှီးယိမ်းတ"
၁၅:၀၀ ကျန်းမာရေးမဂ္ဂဇင်း(ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစဉ်)
၁၅:၂၀ မိုးဥုက်တင့်စေဆိုကရေးတီးအပွေ
၁၆:၀၀ ချစ်စရာအဂွယ်ကစားကြမယ်
၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
၁၇:၃၀ This Week's Special Interest
၁၇:၄၀ (၇၇)နှစ်မြောက်လွတ်လပ်ခရေးနေ့ အထိမ်းအမှတ်ဂုက်ပြုတေးသီချင်း
၁၈:၃၀ ပြည်ချစ်သားမွန်တေးသစ်
၁၈:၄၀ သံစဉ်ချိုမြမြမ်ာတေးအလှ
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ (ဝိလစ်ပိုင်)
"ဘုတောင်းပြည်ကြယ်တာရာဇတာလာ"
(အပိုင်း-၄၂)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသစ်
၂၁:၁၀ သံစဉ်ချိုမြမြမ်ာတေးအလှ
၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ယုံကြည်ရာလမ်း"
(အပိုင်း-၄၁)
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

mtv

07:01 Evergreen Classic: Thayar Kayee Thel (Ei Ei Chon)
07:07 A Trip to Gyobyu Reservoir (Part-2)
07:28 Let's Taste Delicious Insects: Spicy Sour Acacia Leaf and Sago Worm Curry and Cricket and Tamarind Paste Curry
07:52 Paper Flower
08:01 News
08:26 Asia Updates; Silent fungi world
08:33 Myanmar Traditional Food: Mohinga
08:53 New Year Song
09:01 Bravocado Benefits
09:23 Mt. Naw Bu Baw
09:33 Discovering Tribes- Gaybar Kayin
09:50 Palm Resort
10:01 News
10:26 Topical Topics: Tarlabaw Curry
10:33 Traditional Myanmar Theatrical Performance (Traditional Rakhine, Mon & Kayin Done Yein Dances)

MRTV NRC

ကျောင် (၀၆:၀၀ မှ ၀၈:၀၀)
လိုဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း

ကယား (၀၈:၀၀ မှ ၁၀:၀၀)
ဂျွတ်ခါးမြို့လေးသိသို့ခရီးတစ်ခေါက်

၀ဆကရင် (၁၀:၀၀ မှ ၁၁:၀၀)
ကရင်နှစ်သစ်ကူးတေးလက်ဆောင်

အနောက်ပိုင်းကရင် (၁၁:၀၀ မှ ၁၂:၀၀)
မြန်မာ့ရိုးရာလက်မှုပညာပုသိမ်ထီးလုပ်ငန်း

အရှေ့ပိုင်းကရင် (၁၂:၀၀ မှ ၁၃:၀၀)
လိုင်ထောပလာမစ်ဂရုတ်ခွန်သို့

ချင်း (လိုင်မိုး) (၁၃:၀၀ မှ ၁၄:၀၀)
ချင်း(ချိုး)၀တ်စားဆင်ယင်မှုများ(အပိုင်း-၂)

ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)
အစွမ်းထက်တဲ့ဂရုတ်ကောင်းအကြောင်းသိကောင်းစရာ

မွန် (၁၅:၀၀ မှ ၁၈:၀၀)
ဂုမည၊မြေမှအပေးအနှစ်များ

ဂျိုင် (၁၈:၀၀ မှ ၁၉:၀၀)
အဆိုတော်ကြီးဖြစ်ချင်သူ (မေသူကျော်)

ဂျမ်း (၁၉:၀၀ မှ ၂၁:၀၀)
ပေပါင်း(၈၀၀၀)ကျော်မြင့်တဲ့ပဲနှယ်တောင်တန်းမှ တောင်ဇလပ်ပန်းများရှိရာဆီသို့

'၀' (၂၁:၀၀ မှ ၂၂:၀၀)
'၀' ဂိုးရာရက်ကန်းနှင့်အထည်

MRTV NEWS

၀၆:၀၀ အဖွင့်၊တေးသီချင်း
၀၆:၀၅ လူပ်လှုပ်ရှားမှုအားကစား
၀၆:၃၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၃၅ Sports Diary
၁၂:၁၅ ထူးခြားစံလင်အာရုပစိပိတ်အစီအစဉ်
၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၃:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမုန်းကဏ္ဍ(LIVE)
၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအခြားဖြာဇာတ်လမ်းတို "ဒါဇာ"
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ)
၁၀:၃၀ နိုင်ငံတကာဌေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ)(အပိုင်း-၂)
၁၁:၀၀ ဂျလိန်ချီမည်....ပန်းတိုင်ဆီ (အပိုင်း-၆၂)

MRTV FARMERS HD

၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း၊နွတ်ခွန်းဆက်
၀၆:၁၅ ဝါသီးနှံအထွက်တိုးစေရို့ သမဝါယမစနစ်ဖြင့် ပံ့ပိုးကူညီရို့.
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၁:၃၅ Rose Tour
၁၃:၂၀ Massive green bean harvest from the front yard trilles
၁၃:၄၅ International Music Hits Slow Rock
၂၀:၀၀ "ညို့" (ဇာတ်လမ်း)
၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၁၁:၀၀ အားကစားသတင်း
၂၀:၀၀ ဥန်ကြီးဌာနပေါင်းစုံ ဖူဃယ်အားကစားပြိုင်ပွဲ (တတိယနေ့ရာလုပွဲ)
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio
Education Channel ကို ဇနဝရီ ၂၄ ရက် (ဗုဒ္ဓဟူး)နေ့မှ စတင်ကြည့်ရှုနိုင်သွားပါမည်။

တပ်ကုန်းမြို့နယ် ကြို့ကုန်းကျေးရွာတွင် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည် ဖြည့်ဆည်းပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၂၉

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာတွင် ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည် ဖြည့်ဆည်းပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။



ပြောကြား

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများနှင့်တွေ့ဆုံ၍ ယခုပေးအပ်သော တိရစ္ဆာန်များကို စနစ်တကျအောင်မြင်စွာ မွေးမြူနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်မွေးမြူရေး၊ တိရစ္ဆာန်အစာများကို ကိုယ်တိုင်စိုက်ပျိုး ထုတ်လုပ်ကျွေးမွေးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းများ တိုးတက်ရရှိရေးတို့ကို ဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူးက ရေကြီးနစ်မြုပ်မှုကြောင့် ဆုံးရှုံးခဲ့သည့် တိရစ္ဆာန်များအတွက် အစားထိုးပြန်လည်ဖြည့်ဆည်း ပေးအပ်ခြင်းနှင့် မွေးမြူရေး လုပ်ငန်းများ တိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများအား အစားထိုးပြန်လည်ဖြည့်ဆည်းပေးသော ဒေသန္တရများ လွှဲပြောင်းပေးအပ်သည့် မှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့နယ် ပုဏ္ဏမာကျေးရွာ အနီးရှိ တောင်သူ ဦးဇော်မင်းထွန်း၏ ရေကြီးနစ်မြုပ်ခဲ့သည့် စိုက်ပျိုးမြေတွင် မေမြို့ပန်း၊ ဂန္ဓမာပန်းများနှင့် ခရမ်းသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့များကို ပေးအပ်ကြပြီး မကျီးကုန်းကျေးရွာ ကွင်းအမှတ် ၁၄၅၀ တွင် ပိုက်ဆံလျှော်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅/၇ တွင် နဝင်းချောင်းတံတား(အဆုံ) အရှည်ပေ ၁၉၀ ကို မူလနှစ်လမ်းသွားတံတားမှ လေးလမ်းသွားတံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်း ဒဟတ်ကုန်းသကြားစက်ရုံနှင့် ရာဂီမုန်တိုင်းအလွန် လယ်ယာမြေများပြုပြင်ထားရှိမှုများအား ကွင်းဆင်းကြည့်ရှု

တပ်ကုန်း ဒီဇင်ဘာ ၂၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့်ကောင်စီဝင်များသည် တိုင်းဒေသကြီး ခရိုင်တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်း ဒဟတ်ကုန်းသကြား စက်ရုံနှင့် ရာဂီမုန်တိုင်းအလွန် လယ်ယာမြေများ ပြုပြင်ထားရှိမှုများကို ယနေ့ မွန်းတည့် ၁၂ နာရီက ကွင်းဆင်းကြည့်ရှုခဲ့ရာ တပ်ကုန်း ဒဟတ်ကုန်း သကြားစက်ရုံမှူး ဦးမြင့်သန်းက သကြားစက်တည်နေရာ၊ စက်ရုံ စတင်တည်ဆောက်မှု၊ သတ်မှတ်စက်စွမ်းအား၊ သကြားထုတ်လုပ်သည့် နည်းစနစ်၊ ထုတ်လုပ်သည့် သကြားအမျိုးအစား၊ တစ်ရာသီအတွက် လိုအပ်သည့် ကြံစိုက်ဧက၊ ကြံတန်ချိန်၊ ကြံသယ်ယာဉ်၊ လျှပ်စစ်ဓာတ်အား၊ ရေလိုအပ်ချက်များ၊ ၂၀၂၄-၂၀၂၅ ခုနှစ် ကြိတ်ဝါးမည့် ကြံတန်ချိန်နှင့် ထွက်ရှိမည့်ပစ္စည်းများနှင့် တာဘိုင်တစ်လုံး ပြုပြင်နေရခြင်းနှင့်ပတ်သက်၍ လျှပ်စစ်ပါဝါနှင့် မျှတသုံးစွဲနေရသဖြင့် စက်ရုံသွယ်တန်းထားသည့် MRTV (ONE) Line အား လျှပ်စစ်ဓာတ်အား မပြတ်တောက်အောင် ဖြည့်ဆည်းပေးရေး ရှင်းလင်းတင်ပြသည်။



ထို့နောက် ဒါရိုက်တာ ဦးအောင်မြင့်က ကြံတစ်ဧကထွက်ရှိမှု၊ ကြံဝယ်မှုနှင့် စက်ရုံလည်ပတ်မှု အားသာချက်၊ အားနည်းချက်များ၊ ကြံစိုက်တောင်သူများနှင့် ကြံဝယ်ယူရေးအတွက် စာချုပ်ထားရှိမှုများ ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ကောင်စီဝင်များဖြစ်ကြသည့် ဦးဇေယျာလင်း၊ ဦးမြင့်စိုးတို့က လိုအပ်သည်များ ပေါင်းစပ်ဆွေးနွေးဆောင်ရွက်ခဲ့ပြီး သကြားစက်လည်ပတ်နေမှု များကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။

ဆွေးနွေးမှာကြား

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ကောင်စီဝင်များသည် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ရှောက်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၄၁၁-က ရှောက်ကုန်းကွင်းအတွင်း ရာဂီမုန်တိုင်းအလွန် လယ်ယာမြေများ ပြုပြင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



ညောင်တုန်းမြို့နယ်၌ စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲ ကျင်းပ

ညောင်တုန်း ဒီဇင်ဘာ ၂၉

ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ လှိုင်ပညာအားကစားခန်းမ၌ ယနေ့ နံနက်ပိုင်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုင်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်က အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ စာပေစကားဝိုင်းနှင့် လူငယ်စကားဝိုင်းများတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများကိုလည်းကောင်း တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မင်းဘူးခရိုင်၌ ယခုဘဏ္ဍာနှစ်တွင် ရပ်ကွက်နှင့်ကျေးရွာ စာကြည့်တိုက်ပေါင်း ခြောက်တိုက် အသစ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့

မင်းဘူး ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ မတည်ငွေများဖြင့် ရပ်ကွက်နှင့်ကျေးရွာ စာကြည့်တိုက်ပေါင်း ခြောက်တိုက်ကို အသစ်တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ထိုသို့ဆောက်လုပ်ရာတွင် စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် မတည်ပြီး ဒေသခံများနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းထည့်ဝင် လှူဒါန်းငွေများဖြင့် မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ စာကြည့်တိုက်လေးတိုက်နှင့် ပွင့်ဖြူမြို့နယ်၌ စာကြည့်တိုက်နှစ်တိုက် ဆောက်လုပ်ပေးနိုင်ခဲ့သည်။

ထို့အပြင် မင်းဘူးခရိုင်၌ အကြောင်းအမျိုးမျိုးကြောင့် ရပ်နားထားသည့် မင်းဘူး(စကု)မြို့နယ်ရှိ စာကြည့်တိုက်နှစ်တိုက်၊ ပွင့်ဖြူမြို့နယ်ရှိ စာကြည့်တိုက်တစ်တိုက် စုစုပေါင်းစာကြည့်တိုက် သုံးတိုက်အတွက် စာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ပရိဘောဂနှင့်



သုတ၊ ရသ စာအုပ်စာစောင်များ ဝယ်ယူဖြည့်တင်းပေးအပ်၍ စာကြည့်တိုက်လုပ်ငန်းများ ပြန်လည်ရှင်သန်လည်ပတ်နိုင်ရေး ယခုဘဏ္ဍာနှစ်တွင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

ခရီးသွားများကိုယ်တိုင် လယ်ယာထွန်ယက်စိုက်ပျိုးအပန်းဖြေနိုင်မည့် KawtMa Yan Resort ပန္နက်တော်တင်

ဘားအံ ဒီဇင်ဘာ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကိုယ်တိုင် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်မည့် စိုက်ပျိုးရေးကို အခြေခံသောခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေသော KawtMa Yan Resort Co.Ltd ၏ KawtMa Yan Resort ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို နံနက် ၈ နာရီခွဲက ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ ကော့ကျိုက်-တော်ပုံကားလမ်းမကြီးဘေး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်သည်။



တိုက်တွန်းပြောကြား

ဦးစွာ KawtMa Yan Resort Co.Ltd Managing Director က KawtMa Yan Resort စိုက်ပျိုးရေးကို အခြေခံသည့်ခရီးသွားလုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် ခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသည့်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအား လုံးပူးပေါင်းကာ စွမ်းဆောင်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ယခု တည်ဆောက်မည့် စိုက်ပျိုးရေးကိုအခြေခံသောခရီးသွားလုပ်ငန်း KawtMa Yan Resort ကို ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၅ ဒသမ ၉ ဘီလီယံဖြင့် မြေဧရိယာ ၃ ဒသမ ၃၀ ဧကအနက်မှ သုည ဒသမ ၉၀ ဧကကို အိပ်ခန်းပေါင်း ၃၀ ပါဝင်သော Resort အဖြစ် တည်ဆောက်သွားမည်ဖြစ်ကာ ဒေသခံပြည်သူ ၆၀ အား အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေ၍ ခရီးသွားဧည့်သည်များအနေဖြင့် ကိုယ်တိုင်လယ်ယာထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးခင်းများအကြား အပန်းဖြေအနားယူခြင်းတို့အပြင် ခြေလျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ လှေလှော်ခြင်း ခရီးစဉ်များပါရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးကိုအခြေခံသည့်ခရီးသွားလုပ်ငန်း KawtMa Yan Resort ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်ရိုက်၍ အမွေးနုံသာရည်များပက်ဖျန်းပေးကြပြီး KawtMa Yan Resort View Point နေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ အစည်းအဝေး ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၉

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအတိုင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(Electric Vehicle – EV)ကဏ္ဍဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဌာနများ၊အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ အောင်ဇေယျသည် ဒီဇင်ဘာ ၂၇ နံနက် ၉ နာရီ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် အဆိုပါ လုပ်ငန်းကော်မတီ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ကမ္ဘာ့သာယာဝပြော ဖွံ့ဖြိုးမှုကို Global Warming နှင့် Climate Change တို့ကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များမှ ဆိုးကျိုးသက်ရောက်မှုများက စိန်ခေါ်လာရာ ၎င်းတို့ကို တိုက်ဖျက်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာပန်းတိုင်အဖြစ် ၂၀၅၀ ပြည့်နှစ်၌ ကာဗွန်ကင်းစင်ရေးကို ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများတွင် ရုပ်ကြွင်းလောင်စာများကို လျှော့ချသုံးစွဲလာကြပြီး နိုင်ငံတကာ၌ EV များကို တွင်ကျယ်စွာ သုံးစွဲလာကြပါကြောင်း၊ နိုင်ငံတော်တွင်လည်း ပြည်သူများ EV သုံးစွဲမှုမှ အကျိုးကျေးဇူးများ ရရှိနိုင်စေရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချမှုမှသည် Sustainable Future ကို တည်ဆောက်နိုင်စေရေးအတွက် ဦးဆောင်ကော်မတီက EVကဏ္ဍဖွံ့ဖြိုးရေးမူဝါဒများကို ၂၀၅၀ ပြည့်နှစ်အထိ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ရာ နိုင်ငံ့ရေရှည်အကျိုးစီးပွားအတွက် EV သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်နှင့် စံချိန်စံညွှန်းနှင့် မူဝါဒများ သတ်မှတ်နိုင်ရေးအတွက် ဦးဆောင်ကော်မတီသို့ တင်ပြနိုင်ရေး ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ အပြိုင်အဆိုင်ဖြင့် မြန်ဆန်စွာ ဖွံ့ဖြိုးလျက်ရှိသော EV နည်းပညာအရွေ့များအတိုင်း အမီလိုက်ပါနိုင်သော သုတေသနများကို ဆောင်ရွက်ရန်၊ သုတေသနပရောဂျက်များမှ တွေ့ရှိမှုရလဒ်များကို ဥာဏ်ပစ္စည်းမူပိုင်ခွင့်များရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်သွားရန်၊ ယင်းအပြင် စာတမ်းများပြုစုကာ ဆက်စပ်ဌာနများသို့ ပေးပို့တင်ပြခြင်း၊ နိုင်ငံတကာကွန်ဖရင့်များ၌ ဖတ်ကြားခြင်း၊ အရည်အသွေးမြင့် ဂျာနယ်များ၌ ထုတ်ဝေခြင်းများကို ဆောင်ရွက်ရန်၊EV သုံးစွဲသည့်ပြည်သူများနှင့် လုပ်ငန်းရှင်များ၏ နည်းပညာလိုအပ်ချက်များနှင့် အညီ သင်တန်းများပို့ချပေးပြီး စံနှုန်းများအတိုင်း ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်ပေးရန်၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့် သုံးစွဲနိုင်ရေး EV နည်းပညာများနှင့် စွန့်ပစ်ဘက်ထရီစီမံခန့်ခွဲမှုဆိုင်ရာ အသိပညာများကို ပြည်သူများ အပါအဝင် EV Stakeholders များ၏ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာ ဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပညာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ EV သင်တန်းနှင့် သုတေသနဌာနများမှ အဆင့်မြင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီစတင်ဖွဲ့စည်းခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်၍ ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း EV သင်တန်း ၁၈ ခု ဖွင့်လှစ်ပေးခဲ့ပြီး သင်တန်းဆင်းဦးရေ ၃၉၀ တွင် အစိုးရဌာနများမှ ၂၇၄ ဦး၊ ပြင်ပ EV လုပ်ငန်းများမှ ၁၁၆ ဦး တက်ရောက်ခဲ့ကြောင်း၊ EV သုံး လီသီယမ်အိုင်းရွမ်း ဘက်ထရီနှင့် အားသွင်းစနစ်များ အပါအဝင် သုတေသန ၁၈ ခု၊ အသိပညာပေးပွဲ ၁၁ ခု ဆောင်ရွက်နိုင်ပြီး လက်ကမ်းစာစောင် ၁၀၀၀ ဖြန့်ဝေပေးနိုင်ကြောင်း၊ EV စံချိန်စံညွှန်း ၁၇ ခု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ လျှပ်စစ်သုံးယာဉ်များ၏ ဘက်ထရီစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒ(မူကြမ်း)ကို EV Stakeholders များအားလုံးပူးပေါင်း၍ ရေးဆွဲပြုစုနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားတုများတပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေး

ပဲခူး ဒီဇင်ဘာ ၂၉

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ပဲခူးမြို့ ခုတင် (၅၀၀) ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးခြင်း၊ သွားတုပြုလုပ် တပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ သွားတုများတပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းများကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ဆေးပေးနေခြင်းကို ကြည့်ရှုပြီး သွားတုများ တပ်ဆင်ပေးကြသည်။

ထို့နောက် ခွဲစိတ်ကုသပေးခြင်းကို ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကုသပေးမည်ဖြစ်ပြီး သွားတုတပ်ဆင်ပေးခြင်းကို ပဲခူးတိုင်းဒေသကြီး(အရှေ့)မြို့နယ်(၁၄) မြို့နယ်မှ သက်ကြီးဘိုးဘွား ၇၁ ဦး၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသပေးခြင်းကို တစ်နေ့လျှင်လူနာ ၂၀ နှုန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန သွားနှင့် ခံတွင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာ ခင်မောင် ဦးဆောင်သည့် သွားဆရာဝန်များ၊ သွားတုပညာရှင်များက စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ကြပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွက် ပြည်မြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဆက်လက် ကုသပေးခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



တင်စိုး(ပဲခူး)

အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်ဆွေးနွေးပွဲ ကျင်းပ

မကွေး ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး မကွေးတက္ကသိုလ်နှင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မကွေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူသားအရင်းအမြစ်သည် အဓိကအကျဆုံးဖြစ်သလို လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးမြင့်မားဖို့က အရေးကြီးကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးပြည့်ဝနေမှသာ တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သည့် အသိဉာဏ်ရှိပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းတွေကို မွေးထုတ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ "ပညာရေးသည် နိုင်ငံအရေး ဖြစ်သည်" ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များစွာရှိရန် လိုအပ်ကြောင်း၊ မိမိတို့ သင်ကြားပို့ချရမည့် ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်ရုံမျှမက ကလေးများကိုယ်တိုင် သင်ယူခွင့်များ တိုးတက်လာအောင် လေ့ကျင့်ပြုစုပေးနိုင်မှသာ သင်ကြားရေး အောင်မြင်သော ဆရာ ဆရာမများအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက Grade-12 အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

လက်တွေ့သင်ကြား

အဆိုပါ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ မကွေးမြို့ အထက-၁၊ အထက-၂၊ အထက- ၄နှင့် မကွေးတက္ကသိုလ်တို့၌ ကျင်းပခဲ့ပြီး မကွေးတက္ကသိုလ် နည်းပြများ ဦးဆောင်၍ Grade-12 သင် ဆရာ ဆရာမ ၂၄၈၉ ဦးအား လည်းကောင်း၊ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချ သင်ကြားနိုင်ရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မကွေးတက္ကသိုလ်ရှိ ဘာသာရပ် ကျွမ်းကျင်နည်းပြများ၊ ကထိကများနှင့် ပါမောက္ခများက သိပ္ပံဘာသာရပ် အထက်တန်းဆင့်သင် ဆရာ ဆရာမ ၁၄၀၄ ဦး တို့အား လည်းကောင်း လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။

မောင်ညီညာ



(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ပြုလုပ်

ရန်ကုန် ဒီဇင်ဘာ ၂၉

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက အင်းစိန်အထက(၅) အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲတွင် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က "လွတ်လပ်ရေးနေ့ ဒဋ္ဌမမွေ" ဆိုသည့် ခေါင်းစဉ်ဖြင့် လွတ်လပ်ရေးရရှိရေးအတွက် လူပ်ရှားမှုသမိုင်းကြောင်း၊ ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးတင်ဌေးအောင် (ရန်မိုးအောင်-အင်းစိန်)က "မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးသွားကြသော အာဇာနည်ပုဂ္ဂိုလ်များအကြောင်း"နှင့် စိန်ညိုမင်း(ထန်းတပင်)က "လွတ်လပ်ရေးနှင့် လူငယ်အကြောင်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲတက်ရောက်လာကြသူများထဲမှကျောင်းသားကျောင်းသူ ခြောက်ဦးတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတ်မှတ်ပေးသည့် စာအုပ်များထဲမှ အကြောင်းအရာ စာပိုဒ်များကို စာဖတ်စွမ်းရည်ယှဉ်ပြိုင်ကြပြီး အမှတ်အများဆုံးရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကာ ကျောင်းစာကြည့်တိုက်အတွက် စာပေဥယျာဉ်အသင်းမှ ဦးဘိုကြည်က သုတ၊ ရသစာအုပ်များနှင့် ပိန္နဲကုန်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ဌေးအောင်နှင့် အဖွဲ့ဝင်များက ဗဟုသုတရဖွယ် ရသစုံစာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်ဦး

မကွေးတိုင်းဒေသကြီး ပညာရေးဦးစီးဌာန(အင်းစိန်) ဆုရရှိသူများ

- ဒုတိယ ဦးမောင်မောင်ထွန်း
- တတိယ ဒေါ်ခင်ခင်ဝင်း
- စာမေးပွဲအောင်မြင်သူ ဒေါ်ခင်ခင်ဝင်း
- စာမေးပွဲအောင်မြင်သူ ဒေါ်ခင်ခင်ဝင်း
- စာမေးပွဲအောင်မြင်သူ ဒေါ်ခင်ခင်ဝင်း
- စာမေးပွဲအောင်မြင်သူ ဒေါ်ခင်ခင်ဝင်း

မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၉

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဧလ

မဟာအောင်မြေမြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၉

မန္တလေးတိုင်း ဒေသကြီး မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက် လာသူများအား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထုတ်ဝေသည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

လေ့လာကြည့်ရှု

ယင်းနောက် တက်ရောက်လာသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

အောင်ဇော်မင်း

မြဝတီမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ



မြဝတီ ဒီဇင်ဘာ ၂၉

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ မြို့မကိုယ့်အားကိုယ်ကို မူလတန်းကြို ကျောင်း၌ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက အမှတ်(၄) ရပ်ကွက် တရုတ်ဘုံကျောင်း၌ ကျင်းပသည်။

ဦးစွာ ဖိတ်ကြားထားသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက နိုင်ငံတော်အလံအလေးပြုခြင်းဆောင်ရွက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကျောင်းသား ကျောင်းသူများက ထာဝရမြန်မာတေးသီချင်း၊ တိုင်းရင်းသား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးသည်။

ထို့နောက် မြဝတီမြို့နယ် Old Star ဘောလုံးအသင်းဥက္ကဋ္ဌ ဦးကြည်စိုးက ပြိုင်ပွဲစည်းကမ်းများ၊ အမှတ်ပေးစည်းမျဉ်းများ ရှင်းလင်းပေးပြီး ပြိုင်ပွဲကိုစတင်ခဲ့ရာ ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက် ယှဉ်ပြိုင်ကစားကြသည်။ ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)

ရွှေဘိုမြို့၌ မုန်လုပ်နည်းသင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

ရွှေဘို ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေးကော်မတီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် မုန့်မျိုးစုံပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ရွှေဘိုခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က အမှာစကား ပြောကြားပြီး သင်တန်းနည်းပြဆရာအား ဂါရဝလက်ဆောင် ပေးအပ်သည်။

အဆိုပါ သင်တန်းကို စာတွေ့လက်တွေ့ နှစ်ရက်ကြာ သင်ကြားပို့ချပေးခဲ့ပြီး အာလူးပူတင်း၊ ခါကြက်ဥဆန်ခွင်းမကင်း၊ အုန်းနို့ကျောက်ကျော စသည့် မုန့်လုပ်နည်းများကို သင်ကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

မုံရွာ ဒီဇင်ဘာ ၂၉

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ကြီး၌ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ ဘောဂရံသီဝိပဿနာဓမ္မာရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် မုံရွာမြို့ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသူရိယ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်ပြီး ပင့်သံဃာဆရာတော်ကြီးများနှင့် သံဃာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဧနီးများက ဝတ္ထုဒွေများနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုံရွာမြို့ သာစံကျောင်းတိုက် ဦးစီးပဓာနနာယက သက်တော်ရှည် ဆရာတော်ကြီး ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက ပဋ္ဌာန်း(၂၄)ပစ္စည်း ပစ္စယုဒ္ဒေသပါဠိတော်အား ပြိုင်တူရွတ်ဖတ်ကြပြီး "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အလှည့်ကျဆရာတော်က အသံမစဲမဟာပဋ္ဌာန်း စတင်ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဧနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဧနီးများက မုံရွာမြို့ ဆုတောင်းပြည့်စေတီတော်ကြီးအား ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်



အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက စုပေါင်း၍ စေတီတော်ကြီး ရင်ပြင် သန့်ရှင်းသပ်ရပ်စေရေးနှင့် စေတီတော်ကြီး ပတ်ဝန်းကျင်အား စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ဂန့်ဂေါမြို့၌ ခြင်္သေ့ကြီးရုပ်တု ရေစက်သွန်းချ လှူဒါန်း

ဂန့်ဂေါ ဒီဇင်ဘာ ၂၉

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် ရန်အောင်မြင်စေတီတော်မြတ်ကြီးနှင့် ဒေဝမုနိစေတီတော်မြတ်များ၏ ပုရိဝုဏ်းအဝင်၌ ခြင်္သေ့ကြီးနှစ်စီးရုပ်တုကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ဘုရားကြီးမြောက်ကျောင်းတိုက်၌ စုပေါင်းရေစက်သွန်းချလှူဒါန်းပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ မြို့ခင်းသာပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဋိလထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ပင့်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ စိုင်ဒူးရွာအောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇောတိကထံမှ တရားတော်ကို နာယူကြသည်။

အဆိုပါခြင်္သေ့နှစ်စီးပြုလုပ်နိုင်ရန် ဘုရားကြီးမြောက်ကျောင်းမှ အရှင်ပုညာနန္ဒကဦးဆောင်၍ ဒါယကာ ဒါယိကာမများ ထည့်ဝင်လှူဒါန်းကြသည့် ငွေကျပ်သိန်း ၁၂၀ ကျော်ကို လှူဒါန်းကာ ရေစက်သွန်းချအမျှပေးဝေကြသည်။

ရန်အောင်မြင်စေတီနှင့် ဒေဝမုနိစေတီတို့ကို ၁၂၇၀ ပြည့်နှစ်က မြို့ခင်းသာ(ခေါ်)မြောက်ကုန်းရွာတည်၍ ကမ္ဘာသူကမ္ဘာသားတို့ ပစ္စုပ္ပန်သံသရာချမ်းသာပါစေခြင်းအလို့ငှာ တည်ထားကိုးကွယ်တော်မူခဲ့ကြောင်း သိရသည်။

စိန်ကျော်

ဒိုက်ဦးမြို့မဈေးကြီး၌ မီးဘေးကြုံတင်ကာကွယ်ရေး စစ်ဆေး၊ ဇာတ်တိုက်လေ့ကျင့်

ဒိုက်ဦး ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြုံတင်ကာကွယ်ရေးအတွက် ဈေးအတွင်းဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများထားရှိမှု၊ မီးသတ်ရေငုတ်များ၊ အပျော့စား မီးသတ်စက်များဖြင့် မီးငြိမ်းသတ်ရေးဆောင်ရွက်ထားရှိမှု၊ မီးချိတ်မီးကပ်များ၊ မီးသတ်ရေကန်များတွင် ရေဖြည့်တင်းထားရှိမှုများကို ဒီဇင်ဘာ ၂၈ ရက် နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းဦးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးချမ်းမြေထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်စိုးဝင်း၊ ဒုဦးစီးမှူး(ဈေး)နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးသောင်းလွင်နှင့် အဖွဲ့ဝင်များက စစ်ဆေးသည်။

ထို့နောက် မွန်းလွဲ ၃ နာရီတွင် မြို့မဈေးကြီး၌ မီးဘေးကြုံတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျောက်ကျော်(ပြန်/ဆက်)

PIU College ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု PARAMI International PIU College ၏ ပထမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ PIU College ဌာနမှူး ဒေါက်တာကျော်သူရက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပညာရေးသဟာရအဖွဲ့ဝင် ဒေါက်တာဝင်းကျော်ကျော်မိုးနှင့် ပြင်သစ်နိုင်ငံ International Executive School (IES) မှ တာဝန်ရှိသူ Co – Founder Dr. Zina တို့အဖွဲ့နှင့် IES ကိုယ်စား



Ph.D Candidate Captain Aung Myint Moe တို့က ဘွဲ့ရမောင်မယ်များတို့အား ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ယင်းနောက် ဘွဲ့ရမောင်မယ်များ၏အမည်စာရင်းကို တင်သွင်းပြီး ဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ဘွဲ့ရမောင်မယ်များအား သက်ဆိုင်ရာဘွဲ့နှင့် လျော်ညီသောဘွဲ့ဝတ်ရုံများကို ဆင်မြန်းခွင့်ပြုသည်။

PARAMI International PIU College ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် MBA နှင့် BBA ဘွဲ့များကို ကျောင်းသား ကျောင်းသူ ၃၀ တို့က တက်ရောက်ရယူကြပြီး ပြင်သစ်နိုင်ငံမှ ပေးအပ်သည့် ဘွဲ့ဖြစ်ကာ စီးပွားရေးကို စိတ်ဝင်စားပြီး လုပ်ငန်းရှင်ဖြစ်လိုသည့် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သော ပညာရေးဘွဲ့တစ်ခုဖြစ်သည်။

တက်ရောက်သင်ကြားလျက်ရှိ

PIU College ၌ BBA တွင် ကျောင်းသား ကျောင်းသူ ၁၅၀၊ MBA တွင် ၃၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မျိုးမင်းသူရ

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဒီဇင်ဘာ ၂၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ်ဆောင်းရာသီမှာ စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေသီးနှံဝင်ငွေ တိုးပွားစေဖို့အတွက် စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပြီး ဒီနေ့အထိ စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ထွက်ရှိလာတဲ့ သီးနှံများကိုလည်း အစားအစာဘေးကင်းလုံခြုံဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ တောင်သူတွေကို GAP နည်းစနစ်တွေနဲ့အညီ စိုက်ပျိုးကြဖို့၊ သဘာဝမြေဩဇာ၊ သဘာဝဆေးတွေ ထုတ်လုပ်သုံးစွဲကြဖို့ စိုက်ပျိုးရေးပညာပေးတာတွေ ကြီးကြပ်ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စားဖိုဆောင်သီးနှံစုံများ စိုက်ပျိုးခြင်းကို လျာထားချက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ယနေ့ထိ စိုက်ပျိုးပြီးစီးသည့် စားဖိုဆောင်သီးနှံများမှာ ငရုတ်ခြောက် ၉၉၂ ဧက၊ ကြက်သွန်နီ ၁၁၄၈ ဧက၊ ကြက်သွန်ဖြူ ၃၈ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၁၇၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ကမ္ဘာတစ်ဝန်း ထုတ်လုပ်မှုများပြားလာသည့် လျှပ်စစ်ကား

စိုးသူရ

ကမ္ဘာတစ်ဝန်းတွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရေး ဆောင်ရွက်လာသည်ကို တွေ့ရှိရပြီး ကားများ ထုတ်လုပ်ရာတွင်လည်း လောင်စာဆီစွမ်းအင်သုံးကားများအစား သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် လျှပ်စစ်ကားများကိုသာ ပြောင်းလဲထုတ်လုပ်လာကြသည်ကိုတွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများတွင် လျှပ်စစ်ကားသုံးစွဲရေး ဆောင်ရွက်နေမှုကို အောက်ပါအတိုင်းတွေ့ရှိရသည်။

အီသီယိုးပီးယားနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်သည့်လုပ်ငန်းများကို ပံ့ပိုးကူညီမှုများဆောင်ရွက်မည်ဖြစ်ကြောင်း အီသီယိုးပီးယား အစိုးရက မကြာသေးမီက ကြေညာခဲ့သည်။

ယင်းသည် နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲမှု မြှင့်တင်ရန် အစိုးရ၏ အမြော်အမြင်ကြီးမားသည့် ဆောင်ရွက်ချက်ဖြစ်သည်။ လက်ရှိအချိန်တွင် အမျိုးသားအဆင့် လျှပ်စစ်ကားထုတ်လုပ်ရေး မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ထိုဆောင်ရွက်မှုတွင် ပုဂ္ဂလိကကဏ္ဍမှ လည်း အားဖြည့်ကူညီနေသည်။ နိုင်ငံအတွင်း လျှပ်စစ်ကား ထုတ်လုပ်ဖြန့်ဖြူးနေသည့် ပြည်တွင်းနှင့် နိုင်ငံခြားမှ လုပ်ငန်းများ လုပ်ငန်းဆောင်ရွက်မှု အဆင်ပြေစေရေးအတွက် ရေခဲမြေခဲကောင်းတစ်ရပ် ဖန်တီးပေးရန် အစိုးရက စီစဉ်ဆောင်ရွက်နေကြောင်း ပို့ဆောင်ရေးဝန်ကြီး ဗာရီယို ဟက်ဆန်က ပြောကြားသည်။ လျှပ်စစ်ကားထုတ်လုပ်ရေးတွင် အဆင်ပြေစေရေးအတွက် လျှပ်စစ်ကားအားသွင်းရုံများ တည်ထောင်ခြင်းနှင့် လျှပ်စစ်ကားထုတ်လုပ်ရေးအတွက် မြေငှားရမ်းပေးခြင်းတို့ကို ပံ့ပိုးပေးမည်ဖြစ်သည်။

လျှပ်စစ်ကားထုတ်လုပ်ရေးနှင့် လျှပ်စစ်ကားထုတ်လုပ်ရန်အတွက် အရင်းအမြစ်များ များပြားလာစေရေးဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုမည့် ပို့ဆောင်ရေးစနစ်ကို နိုင်ငံအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ လမ်းများ၌ လျှပ်စစ်ကား



အရေအတွက် တစ်သိန်းခန့်ရှိရာမှ နောင်ဆယ်နှစ်အတွင်း လမ်းများပေါ်တွင် လျှပ်စစ်ကား အရေအတွက် ငါးသိန်းခန့်ရှိလာစေရေး ဆောင်ရွက်ခြင်းဖြင့် ရုပ်ကြွင်းလောင်စာ အသုံးပြုမှုကို လျှော့ချပြီး လျှပ်စစ်ကားသုံးစွဲခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုရေး ရည်မှန်းထားသည်။ တရုတ် လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဘီဝိုင်ဒီကလည်း အီသီယိုးပီးယားနိုင်ငံတွင် လုပ်ငန်းခွဲလာရောက် ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံ၏ လျှပ်စစ်ကားသုံးစွဲမှု ကဏ္ဍကို ကူညီပေးနေသည်။ လျှပ်စစ်ကားများ အသုံးပြုခြင်းဖြင့် နိုင်ငံအတွက် ပြည်ပမှလောင်စာဆီများ ဝယ်ယူတင်သွင်းနေရသဖြင့် သုံးစွဲနေရသည့် ငွေကြေးများ သက်သာစေနိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပြည်တွင်းလျှပ်စစ်ကား ထုတ်လုပ်မှုကို မြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်ကားဈေးကွက်တွင် ထိပ်တန်းနေရာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံအတွင်း ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်ကားစီးရေနှစ်သန်းနှင့် လျှပ်စစ်မော်တော်ဆိုင်ကယ် ဆယ့်သုံးသန်းထုတ်လုပ်နိုင်ရေး ရည်မှန်းချက်ထား ဆောင်ရွက်နေသည်။ လက်ရှိအချိန်တွင် လျှပ်စစ်ကားထုတ်လုပ်ရောင်းချခြင်းအတွက် အခွန်လျှော့ချခြင်းကို ဆောင်ရွက်နေပြီး ၂၀၂၃ ခုနှစ်အတွင်း လျှပ်စစ်ကားအစီးရေ ၁၇၀၀၀ ကို ရောင်းချခဲ့သည်။

နိုင်ငံအတွင်း လျှပ်စစ်ကားဘက်ထရီ ထုတ်လုပ်သည့် စက်ရုံကိုလည်း အနောက်ဂျာဗားပြည်နယ်တွင် ဖွင့်လှစ်ထားသည်။

ရုရှားနိုင်ငံသားများသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ကားများကို စိတ်ဝင်စားမှု တိုးလာနေကြောင်း ရုရှားကျွမ်းကျင်သူတစ်ဦးက မကြာသေးမီက ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

တရုတ်လျှပ်စစ်ကားများသည် ရုရှားနိုင်ငံတွင် အလွန်ရေပန်းစားပြီး ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ရုရှားနိုင်ငံတွင် လျှပ်စစ်ကားအစီးရေ ၁၄၀၀၀ ရောင်းချခဲ့ရပြီး ၎င်းတို့အနက် တရုတ်နိုင်ငံမှ Zeekr အမှတ်တံဆိပ် လျှပ်စစ်ကားသည် အများဆုံးရောင်းချရကာ စုစုပေါင်းရောင်းချရမှု၏ ၂၆ ရာခိုင်နှုန်းအထိရှိကြောင်း သိရသည်။ ထို့ပြင် အခြား တရုတ်လျှပ်စစ်ကားဖြစ်သည့် Voyah သည် ရုရှားနိုင်ငံတွင် လျှပ်စစ်ကားရောင်းချမှု၏ အဆင့် (၅)နေရာ ရောက်ရှိခဲ့ကြောင်းလည်းသိရသည်။

ရုရှားနိုင်ငံ၏ လျှပ်စစ်ကားဈေးကွက်သည် အစိုးရက ဥပဒေပြုထောက်ခံမှု၊ ဆက်စပ်ထောက်ပံ့ကြေးဆိုင်ရာ ဆောင်ရွက်မှုများ ဆောင်ရွက်ပေးခြင်း၊ အမှတ်တံဆိပ်ရွေးချယ်နိုင်ခွင့် တိုးမြင့်လာမှုနှင့် အားသွင်းရုံများ တည်ထောင်နိုင်ခြင်းတို့ကြောင့် တိုးတက်မှုများရှိလာမည်ဟု လေ့လာသူများက ယုံကြည်ကြသည်။

ရုရှားအစိုးရသည် ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အရောက်တွင် နိုင်ငံအတွင်း လျှပ်စစ်ကားများ ထုတ်လုပ်ရေးနှင့် မြှင့်တင်ရေး မဟာဗျူဟာကို ချမှတ်ခဲ့သည်။

မလေးရှားနိုင်ငံသည် လျှပ်စစ်ကားထုတ်လုပ်မှုကို ၂၀၃၀ ပြည့်နှစ်အရောက်တွင် စုစုပေါင်းစက်မှုလုပ်ငန်းပမာဏ၏ ၁၅ ရာခိုင်နှုန်းရှိလာစေရေးနှင့် ၂၀၅၀ ပြည့်နှစ်တွင် ၈၀ ရာခိုင်နှုန်းရှိလာစေရေး ရည်မှန်းထားပြီး ၎င်းရည်မှန်းချက်သည် နိုင်ငံအတွင်း ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် အမျိုးသားစွမ်းအင် အသွင်ကူးပြောင်းရေးလုပ်ငန်းတို့နှင့် ကိုက်ညီကြောင်းတွေ့ရှိရသည်။

မလေးရှား အစိမ်းရောင်နည်းပညာနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအဖွဲ့ စီအီးအို ရှန်စဲဗဟာမော့နောက အစိုးရ၏ ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအားကောင်းမှုကြောင့် မလေးရှားသည် ၎င်း၏ လျှပ်စစ်ကားသုံးစွဲမှုမူဝါဒများ အောင်မြင်မည့် လမ်းကြောင်းပေါ်တွင် ရှိနေကြောင်း ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်အရောက်တွင် ဝန်ကြီးဌာနအားလုံး အတွက် ဝယ်ယူသော သို့မဟုတ် ငှားရမ်းမည့် ကားများ၏ ထက်ဝက်သည် လျှပ်စစ်ကားများဖြစ်ရမည်ဟု အစိုးရက ကန့်သတ်ထားသည်။

၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ကားအားသွင်းရန် အားသွင်းရုံ တစ်သောင်းကို တည်ထောင်ရန် ရည်မှန်းထားသည်။

ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် လျှပ်စစ်ကားသုံးစွဲမှု များပြားလာသည်နှင့်အမျှ ရုပ်ကြွင်းလောင်စာအသုံးပြုမှု လျှော့နည်းလာပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုကာ ရာသီဥတုပြောင်းလဲရေးအတွက် ပံ့ပိုးပေးမည်ဖြစ်သည်။ **ကိုးကား -ဆင်ဟွာ**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လေ့ကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လေ့ကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လေ့ကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာ ဘာသာရပ်ကို ကြေညက်ပိုင်နိုင်စွာ ဖြေဆိုနိုင်ရန် အတွက် အင်္ဂလိပ်စာမေးခွန်းပုံစံ နံပါတ်တစ်ခုချင်းစီအလိုက် မေးခွန်းများနှင့် ဖြေဆိုနည်းများကို ထည့်သွင်းဖော်ပြလိုက်ပါတယ်။

Question I ဖြေဆိုနည်းပုံစံ

Question I မှာ Initial letter အစစာလုံးပေးထားပြီး Unit 1 to 12 ထဲက ဘယ်စကားလုံးဖြေရမှာလဲဆိုတာကို မေးထားတာဖြစ်ပါတယ်။ မေးခွန်းတစ်ခုစီကို တစ်မှတ်စီနဲ့ (၁၀ မှတ်) ဖိုးဖြစ်ပါတယ်။ ဖြေဆိုရာမှာ မေးခွန်းကိုသေချာစွာ ဖတ်ရှုပြီး ဘာစကားလုံးဖြစ်နိုင်သလဲဆိုတာကို သင့်တော်မှန်ကန်စွာ စဉ်းစားပြီး ဖြေဆိုရမှာဖြစ်ပါတယ်။

ဥပမာ။ ။ Good manners are v_____ for a pleasant atmosphere. ဒီမေးခွန်းမှာ “v”ကို အစစာလုံးပေးထားတယ်။ မေးခွန်းမှာ ကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေဖို့အတွက် အမူအကျင့်ကောင်းတွေ အလွန်အရေးပါတယ်.. ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒီတော့ အရေးပါတယ်ဆိုတဲ့အဓိပ္ပာယ် “v” နဲ့စတဲ့စကားလုံးဆိုတော့ “vital” ဖြစ်တာပေါ့။

Unit 1 to 12 အထိ Unit တစ်ခုချင်းစီမှာ ပါဝင်တဲ့စကားလုံးများကို သေချာစွာလေ့လာကျက်မှတ်ပြီးတော့ အောက်မှာဖော်ပြထားတဲ့ နမူနာမေးခွန်းများကို ဖြေဆိုကြည့်ပါ။

Question I

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

Unit 1 GOOD MANNERS

1. The internet has become a popular d_____ for learning and sharing information.
2. B_____ in public is considered rude in many cultures.
3. She showed great p_____ by thanking everyone for their help.
4. The children’s b_____ in the class was excellent; they were well-mannered and respectful.
5. It is important for citizens to a_____ by the law to ensure a peaceful society.
6. Being p_____ for meetings shows respect for other people's time.
7. She is r_____ for taking care of her younger brother when their parents are away.
8. London is the b_____ of many famous authors, including William Shakespeare.
9. Music is a u_____ language that can bring people from different cultures together.
10. The local hospital is a well-known i_____ in the community for providing excellent healthcare.

Unit 2 KEY TO HAPPINESS

1. C_____ is not about having everything, but being grateful for what you have.
2. The final exams were extremely s_____, but I managed to stay calm and focused.
3. J_____ s_____ is important for employees to feel motivated and engaged in their work.
4. Instead of feeling e_____, he chose to support his colleague's success.
5. After hours of trying to fix the broken machine, his f_____ grew.
6. Practicing m_____ every morning helps me stay focused throughout the day.
7. After hearing the bad news, he felt d_____ but tried to stay positive.
8. He worked hard to build a p_____ future for himself and his family.
9. People with d_____ need to monitor their diet and blood sugar levels carefully.
10. After many years of hard work, she is now a p_____ and can finally relax and enjoy her retirement.

Unit 3 DIET AND NUTRITION

1. Fruits and vegetables are rich in n_____ that are essential for good health.
2. High levels of c_____ in the blood can increase the risk of heart disease.
3. Malaria is an i_____ disease caused by parasites transmitted by mosquitoes.
4. Children in some parts of the world suffer from m_____ due to lack of access to nutritious food.
5. B_____ refers to the variety of different species of plants, animals, and microorganisms in an ecosystem.
6. D_____ is the widespread destruction of forests, often caused by logging and agriculture.
7. A healthy d_____ includes a variety of foods, such as fruits, vegetables, grains, and proteins.
8. Lack of maintenance can lead to the d_____ of infrastructure over time.
9. Eating too many p_____ foods can lead to health issues like obesity and heart disease.
10. A_____ flowers can be a beautiful and low-maintenance alternative to real ones in home decorations.

Unit 4 EMOTIONAL WELL-BEING

1. Making new a_____ while traveling can help you learn about different cultures.
2. His actions were driven by h_____, but he later regretted them and apologized.
3. The news of the natural disaster caused great d_____ to the affected communities.
4. C_____ diseases, like diabetes, require ongoing management and care.
5. He showed great e_____ by comforting his friend who was going through a tough time.
6. J_____ can damage relationships if not addressed openly and honestly.
7. Her family has always been a key m_____ in her efforts to succeed.
8. We waited for news with a growing sense of a_____.
9. She had a m_____ day at work due to a series of stressful events.
10. Despite his great success, he remained m_____ and humble, never boasting about his achievements.

Unit 5 COLOURS

1. Smoking is often a_____ with an increased risk of heart disease.
2. Many b_____ jobs require specific skills but don’t require a university degree.
3. Many people are interested in p_____ because it shapes the future of the country.
4. It takes a lot of c_____ to speak in front of a large audience.
5. I stopped by the g_____ to pick up some fresh vegetables for dinner.
6. She is a t_____ friend who always keeps her promises.
7. Some people believe in b_____ m_____, thinking it can be used to control or harm others.
8. After waiting for hours, we finally got the g_____ l_____ to begin the construction project.
9. She broke her p_____ while playing basketball, but luckily it wasn't a serious injury.
10. She is the b_____ s_____ in the group because she always does things her way.

Unit 6 ARTIFICIAL INTELLIGENCE

1. An i_____ person can solve problems quickly and think critically.
2. The scientist made a major b_____ in cancer research that could save lives.
3. Good c_____ skills are essential for teamwork and collaboration.
4. The company's success is a result of the i_____ and creativity of its employees.
5. Modern t_____ systems, like trains and buses, help people travel efficiently.
6. The tech industry is full of i_____ that change the way we live and work.
7. Despite its advantages, the new system has a few d_____ that need to be addressed.
8. Wildlife c_____ is essential to protect endangered species and their habitats.
9. The invention of the internet sparked a r_____ in how we communicate and share information.
10. The factory closure will result in 200 r_____.

Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT

1. D_____ w_____, such as old smartphones and computers, contribute to electronic pollution if not properly disposed of.
2. P_____ from factories has harmed the local environment and wildlife.
3. The d_____ of natural resources is a major concern for future generations.
4. Sleep d_____ can affect your concentration and memory.
5. Forests are important e_____ that provide homes for many species of animals.
6. Some animals, like owls, are c_____, meaning they are most active at dawn and dusk.
7. A chemical spill in the river can be a serious environmental h_____.
8. M_____ are attracted to light and can often be found around street lamps at night.
9. The rapid u_____ of many countries has resulted in overcrowded cities and increased pollution.
10. Factories often release harmful a_____ p_____ that can cause respiratory problems for nearby residents.

Unit 8 RENEWABLE ENERGY

1. Fossil f_____, like coal and oil, are non-renewable energy sources that contribute to air pollution.
2. Solar energy is an i_____ resource, as the sun will continue to shine for billions of years.
3. B_____ energy is produced from organic materials like plants and animal waste, which can be burned for fuel.
4. H_____ is a renewable energy source that uses the force of flowing water to generate electricity.
5. Governments are taking measures to limit the amount of p_____ released into the environment.
6. Wind and solar energy are r_____ sources that help reduce dependence on fossil fuels.
7. The c_____ gathered data from various regions to predict future weather trends.
8. Electric cars offer a g_____ a_____ to traditional vehicles that run on gasoline.
9. G_____ energy is a renewable resource that uses heat from the Earth’s core to generate electricity.
10. R_____ waste from nuclear power plants must be carefully stored to prevent harm to the environment.

စာမျက်နှာ ၂၁ သို့

✪ စာမျက်နှာ ၂၀ မှ

Unit 9 HELEN KELLER

1. He made an i_____ decision to invest in renewable energy.
2. After receiving everything he asked for, the child became s_____.
3. Always use good m_____ when speaking to your elders.
4. Learning the a_____ is the first step in learning to read and write.
5. The d_____ child communicated with her parents using sign language.
6. The horror movie made me s_____ in fear at the scariest moment.
7. Body l_____ can tell you a lot about how someone is feeling.
8. The doctor said it was a m_____ that the patient recovered so quickly after the surgery.
9. She received a m_____ package with no return address or explanation.
10. The d_____ athlete won a gold medal in the Paralympic Games.

Unit 10 WHY IMPROVE COMMUNICATION SKILLS?

1. Reading books is an excellent way to expand your k_____.
2. Finding e_____can be challenging without the right skills.
3. The workshop provides an o_____ to learn valuable skills.
4. A good s_____ knows how to convince customers to make a purchase.
5. We believe that e_____ is the foundation of a successful life.
6. He prefers spending time with close friends rather than casual a_____.
7. Teamwork and communication skills are important p_____ for this job.
8. Due to the pandemic, many companies switched to v_____ c_____ for meetings.
9. The teacher gave an i_____ lecture on environmental conservation.
10. Good c_____ skills can help you build strong relationships with others.

Unit 11 A DAY'S WAIT

1. The teacher gave clear i_____ before starting the science experiment.
2. You should take this m_____ twice a day after meals.
3. An e_____ can spread quickly if people don't take precautions.
4. Cold weather increases the risk of respiratory infections like p_____.
5. The nurse placed the t_____ under his tongue to measure his temperature.
6. With determination and support, he was able to o_____ his challenges.
7. She couldn't stop laughing at the s_____ jokes her friend was telling.
8. The movie reached its c_____ when the hero confronted the villain.
9. She is wrong, but she is too s_____ to admit it.
10. The doctor recommended a p_____ to help with the digestive problem.

Unit 12 INTERCULTURAL COMMUNICATION

1. M_____ between friends can often be cleared up with a simple conversation.
2. she has a d_____ range of interests.
3. I_____ communication is important for building strong international relationships.
4. The soldiers fought bravely to defend their h_____ from invaders.
5. V_____ played a crucial role in organizing the charity event.
6. A simple smile or a wave can be powerful g_____ of kindness.
7. The two countries are trying to resolve their long-standing c_____ peacefully.
8. I_____ can damage relationships and create lasting tension.
9. In many cultures, there are social n_____ that dictate appropriate behavior.
10. She felt a_____ talking to someone she didn't know very well.

****

Answers

Question I

Unit 1 GOOD MANNERS 1. domain 2. Belching 3. politeness 4. behaviour 5. abide 6. punctual 7. responsible 8. birthplace 9. universal 10. institution

Unit 2 KEY TO HAPPINESS 1. Contentment 2. stressful 3. Job satisfaction 4. envious 5. frustration 6. mindfulness 7. downhearted 8. prosperous 9. diabetes 10. pensioner

Unit 3 DIET AND NUTRITION 1. nutrients 2. cholesterol 3. infectious 4. malnutrition 5. Biodiversity 6. deforestation 7. diet 8. deterioration 9. processed 10. Artificial

Unit 4 EMOTIONAL WELL-BEING 1. acquaintances 2. hatred 3. distress 4. Chronic 5. empathy 6. Jealousy 7. motivator 8. anxiety 9. miserable 10. modest

Unit 5 COLOURS 1. associated 2. blue-collar 3. politics 4. courage 5. greengrocer 6. trustworthy 7. black magic 8. green light 9. pinkie 10. black sheep

Unit 6 ARTIFICIAL INTELLIGENCE 1. intelligent 2. breakthrough 3. communication 4. intelligence 5. transportation 6. innovations 7. drawbacks 8. conservation 9. revolution 10. redundancies

Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT 1. Digital wastes 2. Pollution 3. depletion 4. deprivation 5. ecosystems 6. crepuscular 7. hazard 8. Moths 9. urbanization 10. air pollutants

Unit 8 RENEWABLE ENERGY 1. fuels 2. inexhaustible 3. Biomass 4. Hydropower 5. pollutants 6. renewable 7. climatologists 8. green alternative 9. Geothermal 10. Radioactive

Unit 9 HELEN KELLER 1. intelligent 2. spoilt 3. manners 4. alphabet 5. deaf 6. scream 7. language 8. miracle 9. mysterious 10. disabled

Unit 10 WHY IMPROVE COMMUNICATION SKILLS? 1. knowledge 2. employment 3. opportunity 4. salesperson 5. education 6. acquaintances 7. prerequisites 8. video conferencing 9. informative 10. communication

Unit 11 A DAY'S WAIT 1. instructions 2. medicine 3. epidemic 4. pneumonia 5. thermometer 6. overcome 7. silly 8. climax 9. stubborn 10. purgative

Unit 12 INTERCULTURAL COMMUNICATION 1. Misunderstandings 2. diverse 3. Intercultural 4. homeland 5. Volunteers 6. gestures 7. conflict 8. Insults 9. norms 10. awkward

Question II ဖြေဆိုနည်းပုံစံ

Question II ကတော့ Multiple Choice မေးခွန်းဖြစ်ပါတယ်။ ပေးထားတဲ့ အဖြေ သုံးခုထဲက ဘယ်အဖြေက အသင့်တော်ဆုံးဖြစ်သလဲ ဆိုတာကို ရွေးချယ်ရမှာဖြစ်ပါတယ်။ မေးခွန်းတစ်ခုစီကို တစ်မှတ်စီနဲ့ (၁၀ မှတ်) ဖိုးဖြစ်ပါတယ်။ ဒီမေးခွန်းမှာ Grammar / Vocabulary / Usage အသုံးအနှုန်းတွေနဲ့ စကားလုံးတစ်လုံးရဲ့ အဓိပ္ပာယ်ကို တိတိကျကျ သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။

ဥပမာ။ ။ You _____ talk during the movie; it's rude to other viewers.

A. mustn't B. don't have to C. shouldn't

ဒီမေးခွန်းမှာ "ရုပ်ရှင်ကြည့်နေစဉ် စကားပြောတာဟာ တခြားသူတွေကို အနှောင့်အယှက်ဖြစ်တယ်။ ဒါကြောင့် စကားမပြောရဘူး။" လို့ပေးထားတယ်။ ရွေးချယ်ခိုင်းတဲ့အဖြေသုံးခုက (A) mustn't ခွင့်မပြုဘူး။ (B) don't have to လုပ်ဖို့မလိုအပ်ဘူး။ (C) shouldn't လုပ်ဖို့ မသင့်တော်ဘူး။ ဒီတော့အဖြေက (A) mustn't ဖြစ်ပါတယ်။ ဘာလို့ဆိုရင် တစ်စုံတစ်ခု လုပ်ဆောင်ဖို့အတွက် တားမြစ်တဲ့သဘောဖြစ်လို့ပါပဲ။ mustn't က shouldn't ထက် ပိုပြီး stronger ဖြစ်ပါတယ်။

အဖြေရေးတဲ့အခါ (A) (B) (C) ကို ပီပြင်စွာရေးပြီး အဖြေစကားလုံးကိုပါ ပြန်ထည့်ပေးဖို့လိုအပ်ပါတယ်။

ဥပမာ။ ။ (A) mustn't

Question II

II. Choose the appropriate words or phrases to complete the sentence. (10 marks)

Unit 1 GOOD MANNERS

(1) _____ often influence teenagers and young adults.
A. Celebrities B. Leaders C. Role models

(2) A bus driver must follow traffic rules and is _____ for the safety of passengers.
A. powerful B. successful C. responsible

(3) Different countries have their own different _____ values.
A. traditional B. cultural C. national

(4) A mother is soothing her crying baby in a very _____voice.
A. polite B. respectful C. gentle

(5) Many _____ in Myanmar donate offerings to the flood victims.
A. charities B. charitable C. charitably

(6) Our teachers are _____ personages.
A. respect B. respectable C. respective

(7) A student must concentrate studies _____and try the best.
A. conscientiously B. reluctantly C. hesitantly

(8) The professor gave the students _____ instructions.
A. specify B. specification C. specific

(9) This singer is clever at _____ Sai Htee Saing's intonation.
A. imitate B. imitation C. imitating

(10) People who practise meditation gradually have religious _____.
A. toleration B. gift C. present

Unit 2 KEY TO HAPPINESS

(1) Dentists will make _____ on how to take care of our teeth tomorrow.
A. advice B. talk C. suggestion

(2) This child was passionate _____ making origami.
A. about B. with C. in

(3) The teacher grouped his students for the different tasks to _____.
A. accomplish B. be accomplished C. accomplishes

(4) Cubism is most of the designers' _____.
A. enjoyment B. enjoyable C. enjoy

(5) Everybody must pay _____to environmental problems?
A. sympathy B. attention C. opportunities

(6) Don't be too _____; things will get better.
A. mindfulness B. greed C. downhearted

(7) A pensioner _____official retiring age is 62.
A. who B. whose C. whom

(8) A _____between smoking and lung cancer has been known.
A. connect B. connection C. connecting

(9) There may not be particular _____of the first day at school in one's memory.
A. incident B. accident C. acceptance

(10) Happy people feel _____with their lives.
A. contents B. content C. contentment

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။





၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဥ္စမပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၉

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပလျက်ရှိရာ ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ ဒီဇင်ဘာ (ပဥ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်ခိုရေးစခန်း စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းဆောင်ရွက်

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



ကျောက်ဆည်မြို့နယ်၌ ဧရာမင်းမိုးစပါးများရိတ်သိမ်းရာ အကျိုးအမြတ်များရရှိ

ကျောက်ဆည် ဒီဇင်ဘာ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း ဆန်စပါးဖူလုံပိုလျှံရေး ဆည်ရေသောက်စနစ်ကို အဓိကအားထားပြီး ဒေသနှင့်ကိုက်ညီသည့် ဧရာမင်း၊ မနောသုခ၊ ရွှေမနော်၊ ဆင်းသုခ မိုးစပါးများ စိုက်ပျိုးခဲ့ကြောင်းနှင့် ယနေ့နံနက်ပိုင်းက ကုလကျေးရွာကွင်းအမှတ်(၂၇၂) ဦးပိုင်အမှတ်(၅) တောင်သူဦးစိန်အောင်စိုက်ပျိုးထားသော ဧရာမင်းစပါးစိုက်ခင်းများ ရိတ်သိမ်းခဲ့ရာ အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။

ဧရာမင်းမိုးစပါးတစ်ဧက စိုက်ပျိုးမည်ဆိုပါက မျိုးဖိုးနှင့်ပျိုးထောင်ခ ငွေကျပ် သုံးသောင်းငါးထောင်၊ မြေပင်ခငွေကျပ် ရှစ်သောင်း၊ ပျိုးနုတ်/ပျိုးသယ်၊ စိုက်ပျိုးခငွေကျပ် ကိုးသောင်း၊ မြေခံမြေဩဇာခငွေကျပ် နှစ်သိန်းခုနစ်သောင်း၊ ပေါင်းနုတ်ခ ငွေကျပ် နှစ်သောင်းငါးထောင်၊ ရိတ်သိမ်းခငွေကျပ် နှစ်သိန်းငါးသောင်း ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ တစ်ဧက စပါး ၉၃ တင်းထွက်ရှိသောကြောင့် အကျိုးအမြတ်ရရှိကြောင်း တောင်သူဦးစိန်အောင်က ပြောသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးစပါးများ စိုက်ပျိုးရာတွင် ဇော်ဂျီ ကင်းတား၊ သစ်တက်ကုန်း ဆည်ရေများအပြင် ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၅၉၉၉ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက်ကုန်းဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးကောင်းသောက်စနစ်ဖြင့် ၂၄၇ ဧက၊ စက်ရေတွင်းစနစ်ဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၈၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၁၂-၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်ကေ့	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၀	၃၁၂၀	၃၀၉၀	၃၀၂၅	၃၁၃၀	၃၁၄၅	၃၁၆၀	၃၀၈၀	၄၅၀၅	၃၃၇၅	၃၀၉၅	၃၁၀၀	၃၁၇၀	၃၁၃၅	၃၁၅၅	၃၄၄၀	၃၉၀၀
95 Ron	၃၁၂၀	၃၂၃၀	၃၂၀၀	၃၁၃၅	၃၂၄၀	၃၂၅၅	၃၂၇၀	၃၁၉၀	၄၅၆၀	၃၄၈၅	၃၂၀၀	၃၂၈၀	၃၂၈၀	၃၂၄၅	၃၂၆၅	၃၅၂၀	၄၀၅၀
HSD (500 ppm)	၂၆၃၅	၂၇၅၀	၂၇၁၅	၂၆၅၀	၂၇၅၅	၂၇၇၀	၂၇၉၀	၂၇၀၅	-	၃၀၀၀	၂၇၂၅	၂၇၂၅	၂၇၉၅	၂၇၆၀	၂၇၈၀	၃၀၄၀	၃၉၀၀
HSD (50 ppm)	၃၂၆၀	၃၃၇၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	၄၈၃၀	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-
HSD (10 ppm)	၃၂၆၀	၃၃၇၅	၃၃၄၀	၃၂၇၅	၃၃၈၀	၃၃၉၅	၃၄၁၅	၃၃၃၀	-	၃၆၂၅	၃၃၅၀	၃၃၅၀	၃၄၂၀	၃၃၈၅	၃၄၀၅	၃၆၆၅	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၈၁၉	၂၉၂၉
95 Ron	၂၉၄၆	၃၀၁၈
HSD (500 ppm)	၂၄၇၈	၂၅၅၇
HSD (50 ppm)	၃၀၈၃	၃၀၈၄
HSD (10 ppm)	၃၀၈၃	၃၀၈၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



သာစည်မြို့နယ်နှင့် မြိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဒီဇင်ဘာ ၂၉

မူးယစ်ဆေး၀ါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့၀င်များပါ၀င်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအနီး၌ မြင့်ဇော်ဦး (ခ)မြင့်ဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု ကြပ်စခန်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် စက်၀င်းရပ်ရှိ တင်ထွေး၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေး၀ါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေး၀ါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၄ ခုနှစ်၏ အကောင်းဆုံးတီထွင်မှုများ

၂၀၂၄ ခုနှစ်ကုန်ဆုံး၍ ၂၀၂၅ ခုနှစ်ထဲသို့ ဝင်ရောက်တော့မည်။ နှစ်ကုန်ပိုင်းတွင် တစ်နှစ်တာအတွင်း သုံးသပ်ချက်များ ထွက်လာလေ့ရှိရာ ဒေးလီးမေးလ်သတင်းဌာနကလည်း ၂၀၂၄ ခုနှစ်၏ အကောင်းဆုံးတီထွင်မှုများကို ရွေးချယ်ခဲ့သည်။ နှစ်တိုင်းနှစ်တိုင်း ရင်သပ်ရှုမောရသည့် နည်းပညာတို့ ပေါ်ထွက်နေသော ခေတ်ဖြစ်သည်နှင့်အညီ ၂၀၂၄ ခုနှစ်ကလည်း ထိုထုံစံကို မဖောက်ဖျက်ခဲ့။ ၂၀၂၄ တွင် ပြန်ဆင်းလာသည့် ဒုံးပျံကို ဖမ်းပြခြင်းမှ သုံးခေါက်ချီးစမတ်ဖုန်းများအထိ ရင်သပ်ရှုမောဖွယ်ရာများ ပါဝင်ခဲ့သည်။

စပေ့စ်အိုက်စ်၏ စူပါဟဲဗီးကို ပြန်ဖမ်းခြင်း

ဒေးလီးမေးလ်က ထိပ်ဆုံးတွင် ထားသည်၊ မထားသည်နှင့်မဆိုင်။ ယခုနှစ်အတွင်း နည်းပညာနှင့်ပတ်သက်ပြီး ကြည့်ရသမျှ ဗီဒီယိုများထဲတွင်တော့ ပြန်ဆင်းလာသည့် ဒုံးပျံကို ဒုံးလွှတ်စင်က ပြန်ဖမ်းပြလိုက်သည့် စပေ့စ်အိုက်စ်၏ ပြကွက်မှာ အခြားသူများအတွက်တော့မသိ ကျွန်တော့်အတွက်တော့ အထင်ကြီးလေးစားစရာအကောင်းဆုံး မြင်ကွင်းပင်။

ပြီးခဲ့သည့် အောက်တိုဘာတွင် စပေ့စ်အိုက်စ်က ပေ ၄၀၀ ရှည်သော စတားရှစ်ပ်အာကာသယာဉ်ကို ၂၄၂ ပေရှည်ပြီး တန် ၃၀၀၀ လေးသော စူပါဟဲဗီး ဒုံးပျံဖြင့် ကမ္ဘာပတ်လမ်းသို့ လွှတ်တင်သည်။ ထို့နောက် အာကာသယာဉ်မှ ခွဲထွက်ပြီး ပြန်ကျလာသည့် စူပါဟဲဗီးကို ဒုံးလွှတ်စင်က ပြန်ဖမ်းထားလိုက်သည်။ ဖမ်းလိုက်သည့် ဒုံးလွှတ်စင်မှ လက်တံကို မက်ကာဇီလာဟု နာမည်ပေးထားသည်။ မကြည့်ဖူးလျှင် ယူကျုဠ် SpaceX Super Heavy Catch ဟု ရိုက်ရှာရုံဖြင့် တွေ့နိုင်ပါသည်။ ရှည်ရှည်ဝေးဝေးပြောစရာမလို၊ အကောင်းဆုံးနည်းပညာဟု သတ်မှတ်ထိုက်ပါသည်။



တက်စလာစက်ရုပ်အင်္ဂါးယာဉ်

နောက်ထပ် အကောင်းဆုံးနည်းပညာမှာလည်း အယ်လွန်မက်စ်၏ လက်ရာဖြစ်နေပြန်သည်။ ယင်းမှာ တက်စလာကုမ္ပဏီ၏ ရိုဘော့တက္ကဆီ သို့မဟုတ် စက်ရုပ်အင်္ဂါးယာဉ်ဖြစ်သည်။ ဆိုက်ဘာကက်ဘ်ဟု အမည်ပေးထားပြီး စက်ရုပ်ဆိုသည့်အတိုင်း လက်ကိုင်ဘီးနှင့် ခြေနင်းများ လုံးဝထည့်မထား။ ကားက သူ့ဘာသာသူမောင်းပြီး လိုရာခရီးပို့ဆောင်ပေးမည်ဖြစ်သည်။ ဝယ်လိုလျှင် ဒေါ်လာ ၃၀၀၀၀ အောက်၊ ငှားစီးလိုလျှင် တစ်မိုင် ဆင့် ၂၀ ပေးရမည်ဟု အယ်လွန်မက်စ်ကဆိုသည်။ သို့သော် ၂၀၂၆ လောက်မှ ဝယ်လို့ရမည်။ ငှားစီးလိုလျှင်လည်း ၂၀၂၅ နှစ်ကုန်ပိုင်းလောက်မှ ရမည်။




မိုဂို စက်ရုပ်ဘောင်းဘီ

အကောင်းဆုံးနည်းပညာ နောက်တစ်မျိုးမှာ အဝတ်အစားကုမ္ပဏီ အ့ခ်တားရစ်နှင့် ဂူးဂဲလ်၏ လက်ခွဲတစ်ခုဖြစ်သော စကစ်ကုမ္ပဏီတို့ ပူးပေါင်းတီထွင်ထားသည့် မိုဂို စက်ရုပ်ဘောင်းဘီဖြစ်သည်။ ဒူးခေါင်းနေရာတွင် အဆက်တစ်ခုပါပြီး ပေါင်နှင့် ခြေသလုံးသို့ လက်တံတစ်ခုစီ ထွက်ပေးထားသည့် စက်ပါဝင်သော တောင်တက်ဘောင်းဘီရှည်ဖြစ်သည်။ တောင်တက်တောင်ဆင်းလုပ်ရာတွင် လူသက်သာအောင် ကူညီပေးမည့် ဘောင်းဘီဖြစ်သည်။



အယ်လ်ဖာဖိုးလ်ဒ်-၃

၂၀၂၂ ခုနှစ်တွင် ဂူးဂဲလ်၏ ဒီမိုင်းဒ်က အယ်လ်ဖာဖိုးလ်ဒ်-၂ ကို ထုတ်ပြီး ပရိုတိန်းဖွဲ့စည်းပုံအားလုံးနီးပါးကို အေအိုင်နည်းပညာသုံး၍ ဖော်ထုတ်ပေးခဲ့သည်။ ထိုမျှနှင့်မတင်းတိမ်ဘဲ ယခုနှစ်တွင် အယ်လ်ဖာဖိုးလ်ဒ်-၃ ဖြင့် ပရိုတိန်းအစုအဖွဲ့များ ဘယ်လိုအပြန်အလှန် တုံ့ပြန်ကြမလဲဆိုသည်ကို ဖော်ထုတ်ပြလိုက်ခြင်းဖြစ်သည်။ ဥပမာပြောရလျှင် ဆေးဝါးအသစ်တစ်ခု ထုတ်လိုက်ပြီးနောက် လူနှင့် စမ်းစရာမလိုဘဲ လူ့ခန္ဓာကိုယ်က ဘယ်လိုတုံ့ပြန်မလဲဆိုသည်ကို သိစေနိုင်သည်။ ဇီဝနည်းပညာကို တစ်ဆင့်မြှင့်တင်လိုက်သည့် နည်းပညာဟု ဆိုနိုင်သည်။ ရှေ့တွင်ဖော်ပြခဲ့သော နည်းပညာများက မြင်သာသည့်အပိုင်းတွင်သာသာလွန်ပြီး ဤနည်းပညာကတော့ အကောင်းရော အဆိုးပါတွဲနေသည့် နောက်ကွယ်မှ အဆင့်မြင့်အထွေထွေသုံးနည်းပညာဖြစ်သည်။



အဲဆီဒ်

သန်းပေါင်းများစွာသော ငွေကြေးတို့ အကုန်အကျခံစရာမလိုဘဲ အကောင်းဆုံးတီထွင်မှုလုပ်နိုင်သည်ဟု သက်သေပြလိုက်သည့် ရာသီဥတုတိုင်းကိရိယာလေးဖြစ်သည်။ လူငယ်ကျောင်းသားနှစ်ယောက်က တီထွင်ခဲ့သော ထိုနည်းပညာကို လေဖိအား၊ အပူချိန်၊ စိုထိုင်းဆ၊ လေတိုက်နှုန်း၊ လေညွှန်ရပ်တို့ကိုသိစေရန် ရာသီဥတုတိုင်းတာရေးမိုးလေဝသပူဖောင်းကြီးများထဲတွင် အများအပြားထည့်သွင်းအသုံးပြုနေကြပြီ။ စွန့်ပစ်ပလတ်စတစ်များမှ ထုတ်လုပ်ထားခြင်းဖြစ်၍လည်း ဂျိမ်းစ်ဒိုင်ဆင်ဆုပါ ရရှိထားသည်။



ဘင်းမ်အိုု

ရုပ်သံအဝေးထိန်းခလုတ်လောက်သာရှိသော ထိုကိရိယာလေးသည် ကိုယ်ပူချိန်၊ နှလုံးသို့ သွေးစီဆင်းမှုနှင့် အဆုတ်ကျန်းမာရေးတို့ကို တိုင်းတာပေးနိုင်သည်။ ဆရာဝန်တစ်ယောက်ဆီသို့သွားပြီး စစ်ဆေးသလောက်နီးပါးပင်။ ပြင်သစ်ကျန်းမာရေးဆိုင်ရာ လုပ်ငန်းကြီးဝစ်သင်းက ထုတ်လုပ်လိုက်သည့် ထိုကိရိယာလေးသည် သွေးတွင်းအောက်ဆီဂျင်ပါဝင်မှုနှင့် နှလုံးခုန်နှုန်းတို့ကိုလည်း တိုင်းတာနိုင်သလို အီးစီဂျီပါ ရိုက်ထုတ်ပေးနိုင်သည်။



အက်ပဲလ်ဗစ်ရှင်းပရို

ကြော်ငြာအားကြောင့် မဝယ်နိုင်လျှင်တောင် နည်းပညာစိတ်ဝင်စားသူတိုင်း ကြော်ငြာဗီဒီယိုလောက်တော့ ကြည့်ဖူးမည့်နည်းပညာဖြစ်သည်။ အပြင်ကမ္ဘာနှင့် ပုံရိပ်ယောင်ကမ္ဘာနှစ်ခုလုံးကို ချိတ်တွဲပေးထားသောကြောင့် စီအီးအို တင်မ် ကွတ်ခ်ပြောခဲ့သည့် 'တီထွင်ပြီးသမျှ အများသုံး လျှပ်စစ်ပစ္စည်းများထဲတွင် အဆင့်အမြင့်ဆုံး' ဆိုသည့် စကားမှာ မမှားလောက်ပါ။



ဟွားဝေ သုံးခေါက်ချိုးဖုန်း

အိုင်ဖုန်းကတစ်လိုင်း၊ ဆမ်ဆောင်းနှင့် ပစ်ဇယ်တို့၏ ခေါက်ဖုန်းများကတစ်လိုင်း အားပြိုင်နေကြချိန်တွင် ယခုနှစ်အတွင်း ထွက်လာသည့် ဟွားဝေ၏ သုံးခေါက်ချိုးဖုန်းမှာ အကောင်းဆုံးတီထွင်မှုစာရင်းဝင်လာသည်။ ထွက်ပြီးသား နှစ်ထပ်ခေါက်ဖုန်းများနှင့် နည်းပညာသိပ်မကွာလောက်သော်လည်း ကမ္ဘာ့ပထမဆုံး သုံးခေါက်ချိုးဖုန်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ သုံးခေါက် ခေါက်ထားချိန်တွင် ၆ ဒသမ ၃ လက်မ၊ တစ်ဖက်ခေါက်ထားချိန်တွင် ၇ ဒသမ ၉ လက်မ၊ အပြည့်ဖြန့်ထားချိန်တွင် ၁၀ ဒသမ ၂ လက်မ မျက်နှာပြင်တို့နှင့် မျက်နှာချင်းဆိုင်ရမည်ကတော့ စိတ်လှုပ်ရှားစရာ ခံစားချက်အသစ်တစ်ခု ဖြစ်နိုင်ပါသည်။



နီဇော်သစ်

မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ အမှတ်(၄)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဖျော်ဖြေပွဲတင်ဆက်နေမှု ကြည့်ရှု



မော်လမြိုင် ဒီဇင်ဘာ ၂၉

အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား မိသားစုဝင်များအား စိတ်အပန်းဖြေပျော်ရွှင်စေရေးအတွက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ လာရောက်ကပြဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၈ရက် ညပိုင်းက မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကပြဖျော်ဖြေခဲ့သည်။

အဆိုပါ ကပြဖျော်ဖြေပွဲတွင် အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ အနုပညာရှင်စစ်သည်၊ စစ်သမီးများက သီဆိုကပြမှု ဖျော်ဖြေရေးအစီအစဉ်များနှင့် တစ်ခန်းရပ်ဟာသပြဇာတ် အစီအစဉ်များစွာဖြင့် ကပြဖျော်ဖြေတင်ဆက်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေး၍ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

ဒုတိယဝန်ကြီး ဦးဝင်းဖေ ပုသိမ်-ရှောပြာ-ချောင်းသာလမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုသိမ်-ရှောပြာ - ချောင်းသာလမ်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်ကြရန်မှာကြား

ကြည့်ရှုစစ်ဆေးစဉ် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရန်နိုင်ဇော်နှင့် Oriental Highway Co.,Ltd.၊ Max Highway Co.,Ltd.၊ Shwe Taung Co.,Ltd. တို့မှ တာဝန်ရှိသူများက လမ်းလုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လမ်းများရေရှည်ကောင်းမွန်စေရေးအတွက် အမြဲမပြတ် ထိန်းသိမ်းဆောင်ရွက်ရေး၊ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေး၊ စက်ယာဉ်ယန္တရားများအားလုံး လုပ်ငန်းခွင်သို့ အချိန်မီရောက်ရှိစေရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ရှောပြာ-ချောင်းသာလမ်း မိုင်တိုင်အမှတ် (၂၂/၂) နှင့် (၂၂/၃)ကြား စက်ယာဉ်ယန္တရားကြီးများဖြင့် ပေ ၄၀ မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၂၆/၅)၌ မျက်ကွယ် ကွေ့ဖြတ်မြေလုပ်ငန်းဆောင်ရွက်ခြင်း၊ မိုင်တိုင်အမှတ် (၃၀/၄)နှင့်(၃၀/၆)ကြား ပေ ၄၀ မြေသားတာပေါင် လုပ်ငန်းဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကြက်သွန်ကွင်း(သာပေါင်း)-မကျီးဇင်လမ်း ကွန်ကရစ်ခင်းနေမှု အခြေအနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အုတ်တွင်းမြို့နယ် ခင်တန်းကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်

အုတ်တွင်း ဒီဇင်ဘာ ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်ခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် အုတ်တွင်းမြို့နယ် ကြွယ်ဂံကျေးရွာအုပ်စု ခင်တန်းကျေးရွာ ဘဝအဖော်မွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် တောင်ငူခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုင်းနန္ဒာလှိုင်က လူသုံးကုန်ထုတ်လုပ်နည်းပညာသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသော သင်တန်းသူများအား ပန်းကန်ဆေးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ဘက်စုံသုံးဆပ်ပြာ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း၊ လက်ဆေးဆပ်ပြာနှင့် ဆပ်ပြာခရင်မ်ပြုလုပ်နည်းတို့ကို လက်တွေ့သင်ကြားပြသသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ စုစုပေါင်း ၂၃ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



လာမယ့်ဇန်နဝါရီဈေးကွက်မှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဘယ်ကစားသမားတွေ ပြောင်းရွှေ့သွားမလဲ





ငွေကြေယ် - ရေးသားသည်





လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ပရီမီယာလိဂ် အသင်းအသီးသီးရဲ့ အဓိကကစားသမားတချို့ဟာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့ သတင်းတွေထွက်ပေါ်နေတာ ဖြစ်ပါတယ်။

အဲဒီကစားသမားတွေထဲမှာ လီဗာပူးအသင်းတိုက်စစ်မှူး မိုဟာမက်ဆာလာ၊ မန်စီးတီးကွင်းလယ်ကစားသမား ဒီဘရိုင်း၊ စပါးအသင်းတိုက်စစ်မှူး ဆွန်ဟောင်မင်၊ နော့တင်ဟမ်ဖောရက်စ် အသင်းတိုက်စစ်မှူး ခရစ်ဝုဒ် စတဲ့ ကစားသမားတွေက ရေပန်းအစားဆုံး ဖြစ်ပါတယ်။

လီဗာပူးအသင်းတိုက်စစ်မှူး ဆာလာဟာ လီဗာပူးအသင်းနဲ့အတူ လက်ရှိအချိန်အထိ ပရီမီယာလိဂ်သွင်းဂိုး ၁၇၁ ဂိုးအထိ သွင်းယူပေးထားပြီး လက်ရှိအနေအထားအရ တိုက်စစ်မှူး မိုဟာမက်ဆာလာ၊ နောက်တန်းကစားသမား ဗန်ဒိုက်နဲ့ အလက်ဇန္ဒားအာနိုးတို့ဟာ အသင်းအတွက် အားအထားရဆုံး ကစားသမားတွေအဖြစ် ရှိနေပေမယ့် လာမယ့်ဇန်နဝါရီဈေးကွက်အတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့မယ်လို့လည်း သိရပါတယ်။

အသက် ၃၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး မိုဟာမက်ဆာလာဟာ ယခုဘောလုံးရာသီမှာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ သွင်းဂိုး ၁၆ ဂိုး သွင်းယူပေးထားပြီး ဂိုးဖန်တီးမှု ၁၁ ကြိမ်အထိ ပြုလုပ်ထားနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီလို စွမ်းဆောင်ရည်တွေရှိခဲ့ပေမယ့် လာမယ့်အပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့မယ်လို့ သတင်းတွေထွက်ပေါ်နေတာဖြစ်ပါတယ်။ ဒါ့ပြင် လီဗာပူးအသင်း နောက်တန်းကစားသမား အလက်ဇန္ဒားအာနိုးကလည်း ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့ဖို့ စီစဉ်လျက်ရှိပြီး ရီးယဲလ်မက်ဒရစ် အသင်းအနေနဲ့ အမ်ဘတ်ပီ၊ ရူဒီဂျာ၊ ဒေးဗစ်အလာဘာ စတဲ့ ကစားသမားတွေလို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူနိုင်ဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဗန်ဒိုက်ကတော့ အန်ဖီးလ်မှာ ဆက်ရှိနေဖို့ ရာခိုင်နှုန်းများနေပေမယ့် လီဗာပူးအသင်းမှာ ခုနစ်နှစ်ကြာ ပါဝင်ကစားပြီးချိန်မှာ စာချုပ်သက်တမ်းတိုးချုပ်ဆိုကာ လီဗာပူးအသင်းမှာ ဆက်ရှိနေဦးမှာလားဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

လာမယ့် အပြောင်းအရွှေ့ကာလအတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့ သတင်းထွက်နေတဲ့ ကစားသမားကတော့ မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဒီဘရိုင်းဖြစ်ပြီး ဒီဘရိုင်းဟာ ၂၀၁၅ ခုနှစ် သြဂုတ်လ အတွင်းက မန်စီးတီးအသင်းဆီ ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဒီဘရိုင်းဟာ ချန်ပီယံလိဂ် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ၂၀၂၁ ခုနှစ် အတွင်းက ချယ်လ်ဆီးအသင်းကို အနိုင်ရရှိရေးနဲ့ ၂၀၂၃ ခုနှစ်မှာ အင်တာမီလန် အသင်းကို အနိုင်ရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်ပါတယ်။

ဒီဘရိုင်းဟာ ယခုဘောလုံးရာသီမှာ မန်စီးတီးအသင်းနဲ့အတူ ၁၆ ပွဲ ပါဝင်ကစားပေးထားပြီး ပြည်တွင်းပြိုင်ပွဲတွေမှာရော ဥရောပပြိုင်ပွဲတွေမှာပါ ပုံမှန်ခြေစွမ်းရရှိဖို့ ရုန်းကန်နေရတာကြောင့် လာမယ့်အပြောင်းအရွှေ့ကာလအတွင်းမှာ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဘရိုင်းအနေနဲ့ လာမယ့်အပြောင်းအရွှေ့မှာ အမေရိကန်ကို ပြောင်းရွှေ့ဖြစ်မလား၊ ဆော်ဒီအာရေဗျကို ပြောင်းရွှေ့ဖြစ်မလား ဆိုတာကတော့ စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်က စပါးအသင်းကို ရောက်ရှိလာတဲ့ ဆွန်ဟောင်မင်ဟာ ပရီမီယာလိဂ် သွင်းဂိုး ၁၅၅ ဂိုး သွင်းယူထားတာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲရဲ့ ဂိုးအများဆုံး သွင်းယူထားတဲ့ ကစားသမားတွေထဲမှာ ၁၈ ဦးမြောက် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားပြီး လာမယ့်ဈေးကွက်အတွင်း အသင်းပြောင်းရွှေ့ဖို့ ရှိနေတာ ဖြစ်ပါတယ်။

စပါးအသင်းကတော့ ဆွန်ဟောင်မင်ရဲ့ စာချုပ်သက်တမ်းကို တစ်နှစ်သက်တမ်းတိုး ချုပ်ဆိုဖို့ အခွင့်အရေးရှိနေပြီး အခုဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ငါးဂိုးအထိ သွင်းယူထားတာ ဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းတိုက်စစ်မှူး ခရစ်ဝုဒ်ကလည်း အသင်းကနေ ထွက်ခွာဖို့ စီစဉ်နေပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်းက နယူးကာဆယ်အသင်းကနေ ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိ နယူးဇီလန်အသင်းတိုက်စစ်မှူး ခရစ်ဝုဒ်ဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ် သွင်းဂိုး ၁၀ အထိ သွင်းယူထားနိုင်ခဲ့ပြီး နော့တင်ဟမ်ဖောရက်စ် အသင်းကလည်း ပရီမီယာလိဂ်ပွဲစဉ် (၁၈)ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

အဲဒီလို စွမ်းဆောင်ရည်တွေပြသနိုင်ခဲ့ပေမယ့် အသင်းပြောင်းရွှေ့ကစားဖို့ စီစဉ်နေတာဖြစ်ပြီး ဘယ်အသင်းဆီ ပြောင်းရွှေ့မလဲဆိုတာကတော့ စောင့်ကြည့်ရဦးမှာဖြစ်ပါတယ်။

အောလုံးလောက သတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းဟာ အသင်းရဲ့ နောက်တန်းခံစစ်ပိုင်း အားနည်းချက်တွေရှိနေတာကြောင့် စပါးအသင်းမှ နယ်သာလန်အသင်း နောက်တန်းကစားသမား ဗန်ဒိဗင်ကို ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ ဇန်နဝါရီဈေးကွက်အတွင်းမှာ အနည်းဆုံး ကစားသမားနှစ်ဦးအထိ ခေါ်ယူဖို့ စီစဉ်လျက်ရှိပြီး လက်ရှိအချိန်မှာ ဘိုင်ယန်မြူးနစ်အသင်းမှ မူစီယယ်လာနဲ့ လေဗာကူဆင်အသင်းမှ ဖလော်ရီယန်ဝဲ့ဇ်တို့ကို ခေါ်ယူဖို့ စောင့်ကြည့်မှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။
- နယူးကာဆယ်အသင်းဟာ ဆွီဒင်တိုက်စစ်မှူး အလက်ဇန္ဒားအီဆက်ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၁၅၀ အထိ သတ်မှတ်ထားတယ်လို့ သိရပါတယ်။
- ဘာစီလိုနာအသင်းတိုက်စစ်မှူး ဒါနီအိုလ်မိုဟာ အသင်းအနေနဲ့ စာချုပ်သစ်ထပ်တိုးချုပ်ဆိုခြင်း မရှိခဲ့ပါက ဇန်နဝါရီဈေးကွက်အတွင်းမှာ ပရီမီယာလိဂ်သို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားဖို့ရှိနေတယ်လို့ သိရပါတယ်။

လာဇီယိုအသင်းနဲ့ ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် အီတလီစီးရီးအေ အမှတ်ပေးဇယားထိပ်ဆုံးမှာ အတ္တလန္တာအသင်း ဆက်လက်ဦးဆောင်

အီတလီစီးရီးအေ ပွဲစဉ်(၁၈)ရဲ့ အကောင်းဆုံးပွဲစဉ်လို့ ပြောရမယ့် အမှတ်ပေးဇယားအဆင့်(၄) စာရင်းဝင် အတ္တလန္တာအသင်းနဲ့ လာဇီယိုအသင်း တို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အတ္တလန္တာအသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့် ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်လာဇီယိုအသင်းက ပထမပိုင်းပွဲကစားချိန် ၂၇ မိနစ်မှာရရှိခဲ့တဲ့ ဘာရီရူရဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့တာဖြစ်ပြီး အဝေးကွင်းကို လာရောက်ကစားခဲ့ရတဲ့ အတ္တလန္တာအသင်းကတော့ ဒုတိယပိုင်းပွဲကစားချိန် ၈၈ မိနစ်ရောက်မှ ဘရက်စီယာနီနီရဲ့သွင်းဂိုးနဲ့ ချေပဂိုး ပြန်လည်ရရှိခဲ့လို့ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။



အခုပွဲစဉ်မှာ အတ္တလန္တာအသင်း အတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့ ဘရက်စီယာနီနီဟာ ယခုဘောလုံးရာသီ အီတလီစီးရီးအေပွဲစဉ် ၁၃ ပွဲ ပါဝင်ကစားပြီးချိန်မှာ သွင်းဂိုး သုံးဂိုး အထိ ရှိလာခဲ့ပြီလည်းဖြစ်ပါတယ်။

အတ္တလန္တာအသင်းဟာ လာဇီယို အသင်းကို သရေရလဒ်သာ ထွက်ပေါ်အောင် ကစားနိုင်ခဲ့တာကြောင့် အတ္တလန္တာအသင်းအနေနဲ့ ၁၁ ပွဲ ဆက်တိုက် နိုင်ပွဲရရှိမှုဟာလည်း အဆုံးသတ်ခဲ့ရပြီ ဖြစ်ပါတယ်။ အတ္တလန္တာအသင်းဟာ လာဇီယို အသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်သာ ရရှိခဲ့ပေမယ့် အင်တာမီလန်အသင်းရဲ့ အထက် တစ်မှတ်အသာ ရမှတ် ၄၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းကတော့ အီတလီစီးရီးအေ ပွဲစဉ်(၁၈)မှာ ကာဂလီယာဃီအသင်းကို သုံးဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် ရမှတ် ၄၀ နဲ့ အမှတ်ပေးဇယား အဆင့်(၂)နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး လာဇီယိုအသင်းကတော့ အတ္တလန္တာအသင်းနဲ့ ပွဲစဉ်မှာ သရေရလဒ်သာ စွမ်းဆောင်နိုင်ခဲ့လို့ အီတလီစီးရီးအေ အမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်း အမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် ဒီဇင်ဘာ ၂၉

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကျင်းပသော အမျိုးသားတံခွန်စိုက် အလွတ်တန်းအမျိုးသား/အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် (U-20)ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သဃၤန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏဒွီ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယကနှင့် တာဝန်ရှိသူများသည် Sam Par Oo အသင်းနှင့် Z&D အသင်းတို့၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ပွဲအပြီးတွင် Z&D အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယကနှင့် အဖွဲ့ချုပ် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က ပြိုင်ပွဲများတွင်ဆုရရှိသည့် အသင်းများမှ အားကစားသမားများ၊ အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တံခွန်စိုက်ဆုဖလားများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါ ပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၂၈ အထိကျင်းပခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှအမျိုးသား၊ အမျိုးသမီး အသင်းပေါင်း ၁၈၀ ခန့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားဂေါက်ကလပ်၏ ကောက်သစ်စားပွဲနှင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်



မြစ်ကြီးနား ဒီဇင်ဘာ ၂၉

မြစ်ကြီးနား ဂေါက်ကလပ်က ကြီးမှူးပြု၍ ကောက်သစ်စားပွဲနှင့် ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် အဖြစ်ကျင်းပခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားဂေါက်ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ ဂေါက်သီးရိုက်ကစားသမားပေါင်း ၁၃၅ ဦးတို့က အသင်းပေါင်း ၂၅ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆုချီးမြှင့်ပွဲတွင် ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးယော်နန်က ကြိုဆိုနှုတ်ခွန်းဆက် စကားကို တင်ပြပြီး ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင်များက အခမ်းအနား တက်ရောက်လာသူများအား ခရစ္စမတ်လက်ဆောင်များ ဂါရဝပြုပေးအပ်ချီးမြှင့်ခြင်းနှင့် ပြိုင်ပွဲများအလိုက် အထူးဆုရရှိသူများ၊ သက်ကြီးတန်းဆုရရှိသူများနှင့် အမျိုးသမီးဆုရရှိသူများအား လည်းကောင်း၊ ငွေအဆင့်နှင့် ကြေးအဆင့်ရရှိသူများအား လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရွေးအဆင့် အကြောမဲ့ဆုရရှိသူများအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မုဒုံမြို့နယ်၌ လက်ရိုက်အုတ်များ ဝယ်လိုအားမြင့်၍ လုပ်သားနှင့် လုပ်ငန်းရှင်များ အဆင်ပြေ

မုဒုံ ဒီဇင်ဘာ ၂၉

မွန်ပြည်နယ် မုဒုံမြို့နယ်၌ လက်ရိုက်အုတ်များကို နိုဝင်ဘာလမှ မေလအထိ လုပ်ကိုင်ကြပြီး ၂၀၂၄ - ၂၀၂၅ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်မှုများပြားသောကြောင့် လက်ရိုက်အုတ်များ ဝယ်လိုအားမြင့်တက်လာ၍ လုပ်ငန်းရှင်များနှင့် လုပ်သားများ အဆင်ပြေလျက်ရှိသည်။

အုတ်လုပ်ငန်းများလုပ်ကိုင်ရာတွင် ရွှံ့မြေကြီးများ အဓိကထား၍ ပုံစံခွက်ဖြင့် ရွှံ့မြေများကို ထည့်ကာ နေလှန်းပြီး မီးဖြင့် နှစ်ရက်ကြာ အုတ်ဖုတ်ရကြောင်း၊ လုပ်ငန်းများအတွက် လိုအပ်သည့် လုပ်သားများကို ပဲခူး၊ ဧရာဝတီ စသည့် နေရာများမှ ရွှေ့ပြောင်း လုပ်သားများခေါ်ယူ၍ တစ်ရက်ကို တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှင့် လုပ်ငန်းပြီးစီးမှုပေါ်မူတည်၍ ပုတ်ပြတ်ပေးရကြောင်း၊ ထွက်ရှိလာသည့် အုတ်များကို မုဒုံမြို့နယ်အပြင် မော်လမြိုင်၊ သံဖြူဇရပ်၊ ကျိုက်မရော၊ ဘုရားသုံးဆူမြို့နယ်များအထိ တင်ပို့ရောင်းချရကြောင်း အုတ်လုပ်ငန်းရှင် တစ်ဦးထံမှ သိရသည်။

မုဒုံမြို့နယ်တွင် အုတ်လုပ်ငန်းလုပ်ကိုင်သည့် လုပ်ငန်းရှင် ၁၇ ဦးရှိပြီး တစ်နှစ်တာကာလပတ်လုံး အုတ်အလုံးရေ ၁၀ သန်းကျော် ထုတ်လုပ်ရောင်းချရကာ လက်ရှိအချိန်တွင် ဝယ်လိုအားမြင့်တက်နေခြင်းကြောင့် အုတ်များထွက်ရှိသလောက် တင်ပို့ရောင်းချနေရကြောင်း သိရသည်။

အောင်မျိုးသူ(ပြန်/ဆက်)



မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဧလ





❖ ကျောဖုံးမှ

မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်နှင့် ဘားအံစသောမြို့ပေါင်း ၂၀ ကျော်မှ အားကစားသမားပေါင်း ၂၀၀ ကျော် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စက်ဘီးစီးပြိုင်ပွဲကို LIPO VITAN- D က ကူညီပံ့ပိုးပေးခဲ့ပြီး အတန်းလိုက် ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်း၊ စတုတ္ထဆု ငွေကျပ် နှစ်သိန်း၊ ပဉ္စမဆု ငွေကျပ် တစ်သိန်းကို သံဖြူဇရပ် နှစ်(၁၅၀)ပြည့် ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ပြိုင်ပွဲကို သံဖြူဇရပ် နှစ်(၁၅၀)ပြည့် ပွဲတော် ကျင်းပရေးကော်မတီအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



✪ MFF ယူ-၁၅ မှ

Burmese Youth အသင်း၊ ရွှေပြည်သာအသင်း Mar Rein အသင်းနှင့် Yangon Focus အသင်း နိုင်ပွဲရရှိသည်။ ပြိုင်ပွဲကို ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အပတ်စဉ် စနေနှင့် တနင်္ဂနွေနေ့တို့တွင် ကျင်းပမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF

ASEAN Cup ဗိုလ်လုပွဲသို့ ဗီယက်နမ်အသင်း တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၉

2024 Asean Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ဒီဇင်ဘာ ၂၉ ရက်က ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗီယက်နမ်အသင်းသည် ပထမအကျော့အဝေးကွင်းပွဲတွင် နှစ်ဂိုးပြတ် အနိုင်ရထားပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် ASEAN Cup ဗိုလ်လုပွဲသို့ ငါးကြိမ်မြောက် တက်ရောက်နိုင်ခြင်းလည်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် ယခုပွဲတွင် ပယ်နယ်တီနှစ်ကြိမ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ရုန်းကန်ခဲ့ပြီး ပွဲအစ ၁၀ မိနစ်တွင် ဦးဆောင်ဂိုးရသော်လည်း VAR ကြည့်ပြီး ပြန်လည်ပယ်ဖျက်ခံရသည်။ ပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဘရာဇီးဖွား ငုယင်ရှောင်ဆန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် ဒုတိယပိုင်းတွင်လည်း ကစားအားမချဘဲ ဆက်လက်ဖိကစားရာ ဖဲ၃ မိနစ်တွင် ငုယင်ရှောင်ဆန်က ဒုတိယဂိုး ထပ်မံသွင်းယူသည်။ ၇၄ မိနစ်တွင် နာကာမူရာက စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းသော်လည်း ပွဲအဖြေ မပြောင်းလဲနိုင်ဘဲ ၉၀+၂ မိနစ်တွင် ငုယင်သီလင်က ဗီယက်နမ်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် တတိယဂိုး သွင်းယူခဲ့သည်။



ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် ဗီယက်နမ်အသင်းသားများ အောင်ပွဲခံနေစဉ်။

ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ ဒုတိယအကျော့ပွဲစဉ်ကို ဒီဇင်ဘာ ၃၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

သတင်း - ကိုညီလေး၊ ဓာတ်ပုံ - VFF

ဝါကဖ် (ဖ) လျှပ်ဒါန်းပြီးကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ လမ်း(၉၀)၊ အမှတ် (၅၀)၊ ၅-လွှာ နေဒေါလုမြင့်[၁၂/မဂတ(နိုင်)၀၀၉၇၅၇]ကိုင်ဆောင်သူ၏ လွဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါလုမြင့် [၁၂/မဂတ(နိုင်)၀၀၉၇၅၇]၀ယ်ယူပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၃၄)ဟု ဒေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၁၂ F)၊ မြေကွက်အမှတ်(V ၂၂၇)၊ အကျယ်အဝန်း(၃၆' ၄") x (၇၀')၊ ဧရိယာ(၀.၀၅၈) ဧက၊ ဒေါ်သန်းသန်းမြင့် အမည်ပေါက် နှစ်(၉၀)မြေဌားဂရန်(မူရင်း)နှင့် မြေနှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၇)ထပ်တိုက်၏ (အိမ်လခ)အပါအဝင် (အခန်းအပျောက်စနစ်ဖြင့် ဝယ်ယူနေထိုင်သူများ မပါဝင်ပါ) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက် အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၁၀၄/၁၀၆)ရှိ **"ကန်တော်ကလေးရွာဟောင်းဂျမေဗလီဝတ်ကျောင်းတော်"**သို့ ထာဝရလှူဒါန်း ပြီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မာမာသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၉၂)

ဒေါ်နီနီဝင်း (LL.B)	**ဒေါ်နှင်းဝေလွင်(LL.B)**	**ဦးထွန်းသူအောင် (LL.B)**
(စဉ်-၅၁၇၁၈)	**(စဉ်-၅၄၃၀၅)**	**(စဉ်-၅၅၇၆၄)**

အထက်တန်းရှေ့နေများ

အမှတ်(၃၆)၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၈၈၆၀၅ ၊ ၀၉ ၅၀၆၄၉၅၉ ၊ ၀၉ ၇၈၀၀၅၄၀၆၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာတစ်ဖိုးနည်းအိမ်ရာစီမံကိန်းမြေ၊ အောင်ချမ်းသာ(မြို့ကွက်သစ်)၊ အပိုင်း(၄)၊ အကွက်အမှတ်(၂၈၇) ဟုခေါ်တွင်သော အကျယ်အဝန်းဧရိယာ(၀.၀၆၂)ကေရှိ ဒေါ်မြင့်မြင့်ထွန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန်းသန်း [၁၂/တမန(နိုင်)၀၈၀၉၄၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာဝင်း [၁၂/ပဇတ(နိုင်)၀၂၃၀၂၁] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၇)ရက်အတွင်း ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွဲအပ်ချက်အရ -

ဦးကျော်ဇေယျ (LL.B)	**ဒေါ်နော်ဆည်းစော (LL.B)**
(စဉ်-၁၃၁၈၁/၁၇)	**(စဉ်-၁၂၆၃၇/၁၇)**
ဒေါ်မြင့်မြင့်သန်း (LL.M)	**ဒေါ်ဝေမာနွယ် (LL.B)**
(စဉ်-၁၃၂၄၀/၁၇)	**(စဉ်-၁၄၇၁၁/၁၈)**

တရားလွှတ်တော်ရှေ့နေများ

အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၅၁၇၃၇၅၈

မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့ရှိ ပုံစံ(၈)ဝင် အခြားခွဲသား/ လုံးပတ်(၃)ပေအောက် သစ်လုံးနှင့်ဆက်စပ်ပစ္စည်းများ ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်တို့မှ ပုံစံ(၈)ဝင် အခြားခွဲသား(၄၁၀)ခွောင်း၊ (၁၁.၃၇၉၇) တန်၊ သင်္ဘောင်း(၁၅၅)လုံး၊ ဖြူးမျော(၆၅၃၀)လုံး၊ ပုံထောင်(၁)စီး၊ လေ့(၈)စီး၊ အင်ဂျင်(၅)လုံးနှင့် ဆက်စပ်ပစ္စည်းများအား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(က) နေ့ရက် - ၇-၁-၂၀၂၅ (အင်္ဂါနေ့)
(ခ) အချိန် - နံနက်(၁၀:၀၀)နာရီ
(ဂ) နေရာ - ဖျာပုံမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး

၂။ သစ်တောဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ သစ်စက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်နှင့် ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်ဝယ်ယူမှုလျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံအား (၅၀၀၀/-) ရှူးဖြင့် ဖျာပုံမြို့နယ်နှင့် ဘိုကလေးမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံးတို့၌ ကြော်ငြာပါသည့် ရက်မှ (၆-၁-၂၀၂၅)ရက်နေ့အထိ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် ပုံစံ(၈)ဝင် အခြားခွဲသား(၄၁၀)ခွောင်း (၁၁.၃၇၉၇)တန်၊ သင်္ဘောင်း(၁၅၅)လုံး၊ ဖြူးမျော (၆၅၃၀)လုံး၊ ပုံထောင်(၁)စီး၊ လေ့(၈)စီး၊ အင်ဂျင်(၅)လုံးနှင့် ဆက်စပ်ပစ္စည်းများအားလုံးကို ၃၁-၁၂-၂၀၂၄ မှ ၆-၁-၂၀၂၅ ရက်နေ့အထိ ကြည့်ရှုခွင့် လက်မှတ်ဖြင့် ရုံးချိန်အတွင်း သက်ဆိုင်ရာ မြို့နယ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၇၄၇၄၃၁၅၅၊ ၀၉-၄၂၅၈၆၇၇၆၊ ၀၉-၄၂၅၇၈၀၆၆၈၀၃၊ ၀၉-၇၅၁၁၀၆၆၈၀၃၊ ၀၉-၇၉၅၇၈၂၆၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံရောင်းချရေးကော်မတီ

ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးကိုဓဋ္ဌဒေအမိန့်-၅၊ နည်းဥပဒေ -၂၀) ရွှေပြည်သာမြို့နယ်တရားရုံးတော်၌ ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၇

ဦးအောင်ကျော်ဇံ	နှင့်	ဦးစစ်ရုံ
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ဂဠုန်ရပ်ကွက်၊ သိပ္ပံလမ်း၊ တတိယထပ်၊ အမှတ်(၇၁) နေ ဦးစစ်ရုံ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလို ဦးအောင်ကျော်ဇံက "သီခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ မြေနှင့်အိမ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧနှစ်ပါရီလ ၁၀ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအဖို့ပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ .

ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လွှမ်းပို့ပို့စိုး)
မြို့နယ်တရားသူကြီး
ရွှေပြည်သာမြို့နယ်တရားရုံး

အမည်ပြောင်း

ဦးအောင်မျိုးဝင်း[၁၂/ဒဂတ(နိုင်)၀၃၂၃၆၈]၏သား ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ် (အ.ထ.က-၄၊ Grade-II)မှ သူရိန်မင်းအား မောင်အောင်နိုင်ဝင်းဟုအမည်ပြောင်းလဲခေါ်ဆိုပါရန်။ ဦးအောင်မျိုးဝင်း[၁၂/ဒဂတ(နိုင်)၀၃၂၃၆၈] ၏သား ဒဂုံမြို့သစ်(အရှေ့)ပိုင်းမြို့နယ်(ဘ.က ကျောင်း-၅၊ Grade-5)မှ ရှိန်းခန့်မင်းအား မောင်ရှိန်းခန့်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်နိုင်ဝင်း၊ မောင်ရှိန်းခန့်သူ

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ မြေကွက်အမှတ်-၃၁၆၊ နတ်သျှင်နောင်လမ်း ဟုခေါ်တွင်သော ဧရိယာ(၀.၀၅၆)ဧက အကျယ်ရှိမြေကွက်မှာ ဒေါ်မဦးခင်ညွန့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဖြစ်ပြီး၊ အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမောင်[၁၂/ကတတ(နိုင်)၀၁၁၅၃၈]မှ မိမိသာပိုင်ဆိုင်ထားပြီး အပေါင်အနှံအရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ ကျွန်ုပ်မိတ်ဆွေမှ အပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့် ယင်းမြေပေါ်ရှိ RC(၂ ၁/၂)ထပ် အဆောက်အဦ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံမူရင်းစာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ကြည်မွန်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)
ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ နွယ်သာကီ (၄)လမ်း၊ မြေကွက်အမှတ်(၅၄၉ ၁/၂)၊ မြေပေအကျယ်(အလျား၂၀xအနံ၆၀)ရှိ **ဒေါ်ခင်မေ** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ခေါင်းရင်းခြမ်း၊ (အလျား၁၀ပေ x အနံ၆၀ပေ) မြေကွက်နှင့်မြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဂရန်မူရင်းနှင့်တကွ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သူ **ဒေါ်ခိုင်ခိုင်မြင့်[၁၂/မရက(နိုင်) ၀၂၃၉၄၅]၊ ဒေါ်စောသန္တာမြင့် [၁၂/ မရက(နိုင်)၁၀၃၆၃၀]**တို့က ပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြမြသန်း(LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၉၇)
အမှတ်(၆၅၇)၊ နွယ်သာကီ(၁)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၇၉၂၄၀၃၉၇၊ ၀၉- ၄၀၃၆၅၉၃၃၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ်(၁၃)၊ ပထမထပ်(တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း(၁၈' x ၆၅')အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးဇော်နေဇာ [၁၂/ သကတ (နိုင်) ၁၃၉၅၆၉]နှင့် ဒေါ်နီနီမာ [၁၂/သကတ (နိုင်) ၁၉၄၀၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိန်းရီက အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှု အထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သိန်းရီ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချယ်ရီအောင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၉၂)
Ph - 09-651659963

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ ကုန်းဘောင်လမ်း၊ အမှတ်(၁၂၀၃)တွင် ဖွင့်လှစ်ထားသည့် ATBC International College မှ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ယခုလတ်တလော လူမှုကွန်ရက်စာမျက်နှာများ (Facebook, TikTok, Telegram) နှင့် အခြားသော Platform များပေါ်တွင် ဖြစ်ပွားနေသည့်ကိစ္စရပ်များတွင် ကျွန်ုပ်မိတ်ဆွေ၏ ATBC International College နှင့် ပတ်သက်မှု၊ သက်ဆိုင်မှုမရှိဘဲ ကျောင်း၏ အမည်၊ လိပ်စာနှင့် Trademark Logo များကို ခွင့်ပြုချက်မရှိဘဲသုံးစွဲပြီး မှုဝေမှုများ ပြုလုပ်နေသည်ကို တွေ့ရှိရပါသည်။ ယခု ဖြစ်ပေါ်နေသော ကိစ္စရပ်အားလုံးသည် ကျွန်ုပ်မိတ်ဆွေ၏ ATBC International College နှင့်သက်ဆိုင်မှုမရှိကြောင်းကိုလည်း သက်ဆိုင်ရာများသို့ အသိပေး အကြောင်းကြားပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ ATBC International College နှင့်မသက်ဆိုင်ဘဲ ယခုကဲ့သို့ ခွင့်ပြုချက်မရှိ Social Media ပေါ်တွင် တစ်ဦး၏စာကို အခြားသူတစ်ဦးမှ Copy ယူပြီး ပြန်လည်မျှဝေနေခြင်းသည် ATBC International College ၏ အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေပြီး အခြားသူများကို ထင်ယောင်ထင်မှားဖြစ်စေပါသည်။ ဆက်လက်ပြီး ATBC International College ၏ ကျောင်းအမည်၊ လိပ်စာနှင့် Trademark Logo များကို ခွင့်ပြုချက်မရှိဘဲ သုံးစွဲပြီး မှုဝေမှုများ ပြုလုပ်နေသည်ကို တွေ့ရှိရပါက ကျွန်ုပ်မိတ်ဆွေ၏ ATBC International College ထိခိုက်နစ်နာမှုအရပ်ရပ်တို့ကို တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကုမုဒြာ LL.B,D.B.L,D.I.L,I.D.C.S,EDFM
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)
ဖုန်း-၀၉-၄၂၀၀၉၉၆၅၆

"ပြင်ဆင်ဖတ်ရှုပေးပါရန်"

(၂၈-၁၂-၂၀၂၄)ရက်နေ့ ကြေးမုံသတင်းစာ စာမျက်နှာကြော်ငြာ(၂၅) "အမွေရှင်ဖြစ်သူ ဦးသောင်းမြင့်မှ အများသိစေရန် အသိပေးကြေညာခြင်း"၏ အပိုဒ်(၂) စာကြောင်းရေ (၆)တွင် ဦးမိုးကျော်မြင့်အား ဦးဖိုးကျော်မြင့်ဟု ဖော်ပြခဲ့၍လည်းကောင်း၊ အပိုဒ်(၃) စာကြောင်းရေ (၆)တွင် ဒေါ်သီသီမြင့် [၅/မရန(နိုင်) ၀၆၀၉၀၅]အား [၅/မရန(နိုင်) ၀၆၀၉၁၅]ဟု မှားယွင်းဖော်ပြခဲ့၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်ညွန့်ဟေမာသိန်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၉၀)
ဖုန်း-09-267211563

တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသော **ဦးသက်မျိုး** (ဘ)ဦးမြသိန်း[၉/ဝတန(နိုင်)၁၆၉၆၃၆]နှင့် **ဒေါ်ရတနာထွန်း**(ဘ) ဦးသိန်းထွန်း[၉/အမရ(နိုင်) ၁၈၄၈၁၈]တို့သည် (၁၇-၁၂-၂၀၂၄)ရက်နေ့တွင် နှစ်ဖက်သောအသိသက်သေတို့၏ ရှေ့မှောက်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်ကွာရှင်းခဲ့ကြပြီး "အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခြင်း၊ ကွာရှင်းပြီးနောက် ပစ္စည်းခွဲဝေမှုနှင့် ကလေးအုပ်ထိန်းခွင့်ဆိုင်ရာ နှစ်ဦးသဘောတူကတိစာချုပ်" ကိုပြုလုပ်ချုပ်ဆိုပြီး ဖြစ်ပါသဖြင့် **ဦးသက်မျိုးနှင့် ဒေါ်ရတနာထွန်း** တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်မျိုးနှင့် ဒေါ်ရတနာထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးမွန်အောင်(LL.B, LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၇၂)
အမှတ်(၁၀/မြေညီ)၊ ပယင်းလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၉၁၁၁၆၄

ဥတုရာသီ တောကိုမှီ၏

မင်းကွန်းတိပိဋက-နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကစရ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက-နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး ပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြ၊ ကြည့်၍ ဓမ္မကွန္တာပေါင်း(၈၄၀၀၀)တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ-နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့-ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

စာဖြေသံဃာများရောက်ရှိသည့် ၂၂-၁၁-၂၀၂၄ မှ ၃၁-၁-၂၀၂၅ ထိအောက်ပါနှုန်းထားအတိုင်းပြင်ဆင်ပါသည်။

၁။	ဆွမ်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၁၀၀၀၀ိ/-	ပိတ်ရက်
၂။	ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၂၀၀၀ိ/-	မရှိ
၃။	ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀ိ/-	လှူဒါန်း
၄။	စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင်	ကျပ်-၅၀၀၀ိ/-	နိုင်
၅။	ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း	ကျပ်-၁၅၀၀၀ိ/-	ပါသည်
၆။	ကျောင်းရှိသံဃာအကုန်နေ့ဆွမ်း	ကျပ်-၃၀၀၀၀ိ/-	

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲအခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ

၁။ တိ-နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
-မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064 ဦးသိန်းလှိုင်
-KBZ BAHOSI BR Yangon. A/C No.061-301-06100094501
-AGD Bank(MGTN), A/c 3240301000254013
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၄၀၄၉၂၊ ၀၁-၈/၂၂၂၂၃၃၊/၂၂၂၂၃၈၊/၂၂၂၂၃၉၊ ၀၉-၄၄၃၁၉၃၉၉၅

၂။ တိ-နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၉၇၆၇၆၄၁၃၄၄

မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ မြောင်းမြမြို့နယ်တို့ရှိ ပုံစံ(၈)ဝင် အခြားခွဲသားများ ရောင်းချရန် လေလံကြော်ငြာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ သစ်တောဦးစီးဌာန၊ မြောင်းမြမြို့နယ်မှ ပုံစံ(၈)ဝင် အခြားခွဲသား (၃၀၃)ချောင်း(၄၉.၂၆၈၈)တန်အား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

ရောင်းချမည့်အစီအစဉ်

(က) နေ့ရက် - ၉-၁-၂၀၂၅(ကြာသပတေးနေ့)
(ခ) အချိန် - နံနက်(၁၀:၀၀)နာရီ
(ဂ) နေရာ - မြောင်းမြမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး

၂။ သစ်တောဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ၊ သစ်စက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်နှင့်ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်ဝယ်ယူမှုလျှောက်လွှာနှင့်စည်းကမ်းချက်တစ်စုံအား (၅၀၀၀ိ/-)နှုန်းဖြင့် မြောင်းမြမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိရုံး၌ ကြော်ငြာပါသည့်ရက်မှ (၈-၁-၂၀၂၅) ရက်နေ့အထိ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် အခြားခွဲသား(၃၀၃)ချောင်း(၄၉.၂၆၈၈)တန်ကို ၁-၁-၂၀၂၅ မှ ၈-၁-၂၀၂၅ ရက်နေ့အထိ ကြည့်ရှုခွင့်လက်မှတ်ဖြင့် ရုံးချိန်အတွင်း သက်ဆိုင်ရာမြို့နယ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၆၂၆၆၅၆၆၀၊ ၀၉-၄၂၅၂၈၂၆၇၀၊ ၀၉-၂၆၇၀၀၀၉၀၀၊ ၀၉-၂၅၁၁၁၄၇၃၁၊ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံရောင်းချရေးကော်မတီ

သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

ဒေါ်ဝတ်ရည်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ဝတ်ရည်အောင် (ဘ)ဦးငွေအောင်[၇/ပတန(နိုင်)၀၈၈၇၅၈]နှင့် ဦးနိုင်လင်း (ဘ)ဦးခင်ဝင်း[၁၄/အဂပ(နိုင်)၁၃၂၅၈၉]တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းမတိုက်ဆိုင်မှုများ အလွန်များလာပါသဖြင့် ယနေ့မှစ၍ ဦးနိုင်လင်း၏ ကောင်းမွေ၊ ဆိုးမွေများသည် ဒေါ်ဝတ်ရည်အောင်နှင့်သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း၊ ဦးနိုင်လင်းနှင့်ပတ်သက်သော ငွေကြေးအရှုပ်အရှင်းများကိုလည်း လုံးဝ လုံးဝ တာဝန်မယူနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝတ်ရည်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသန္တာဦး(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၄၆)
ဖုန်း-၀၉-၇၉၅၆၄၁၆၀၀

သစ် တော မှန် လျှင် အသုံး ဝင် အစဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

"၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာ၌ ဒေါ်သန္တာစိုး (၁၂/ကမတ (နိုင်) ၀၀၂၂၉၁) ၏ ညွှန်ကြားချက်အရ ဦးရွှေလိှုင်တင် (စဉ်-၁၀၆၈၃) နှင့် ဒေါ်ခင်အေးလှိုင် (စဉ်-၁၂၂၀၈) (တရားလွှတ်တော်ရှေ့နေများ) ၏ အများသိစေရန်နှင့် သတိပေးတားမြစ်ချက်အပေါ် တုံ့ပြန်ရှင်းလင်းခြင်းနှင့် ထပ်လောင်းအသိပေးကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ အင်္ဂမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၅) ရပ်ကွက်၊ ဦးပုညလမ်း၊ အမှတ် (၉၈၃) နေ ဦးအောင်စိုးမြင့် (၁၂/ကမတ (နိုင်) ၀၁၈၄၉၅) ၏ Court Power of Attorney လွှဲအပ်ပေးထားသူ ဒေါ်စန္ဒာမိုး (၁၂/ကမတ (နိုင်) ၀၀၁၉၅၅)၊ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သီတာရပ်ကွက်၊ သစ်ယာလမ်း၊ အမှတ် (၁၅) နေသူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ **"၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့ထုတ် ကြေးမုံနေ့စဉ်ထုတ်သတင်းစာ၌ ဒေါ်သန္တာစိုး (၁၂/ကမတ (နိုင်) ၀၀၂၂၉၁) ၏ ညွှန်ကြားချက်အရ ဦးရွှေလှိုင်တင် (စဉ်-၁၀၆၈၃) နှင့် ဒေါ်ခင်အေးလှိုင် (စဉ်-၁၂၂၀၈) (တရားလွှတ်တော်ရှေ့နေများ) ၏ အများသိစေရန်နှင့် သတိပေးတားမြစ်ချက်အပေါ် တုံ့ပြန်ရှင်းလင်းခြင်းနှင့် ထပ်လောင်းအသိပေးကြေညာချက်"** ပြုအပ်သည်မှာ -

၁။ ရန်ကုန်မြို့၊ အင်္ဂမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ် - ၉၈၃၊ ဧရိယာ (၀.၀၅၅) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား ဦးစိုးတင့် သည် ၁၉၉၅ ခုနှစ်ခန့်၌ နှစ် (၆၀) မြေငှားဂရန်ရရှိထားသော မြေကွက်ဖြစ်ကြောင်း၊ ဦးစိုးတင့် နှင့် ဇနီး (ခ) ဒေါ်မြင့်မြင့်သွယ် (၁၂/ကမတ (နိုင်) ၀၄၆၅၅၇) တို့ ပေါင်းသင်းနေထိုင်ခဲ့သည့် အိမ်ထောင်သက်တမ်းတွင် သားသမီး (၄) ဦးထွန်းကားခဲ့ကြောင်း၊ ၎င်းတို့မှ (၁) ဦးအောင်စိုးမြင့် (၁၂/ကမတ (နိုင်) ၀၁၈၄၉၅)၊ (၂) ဒေါ်သန္တာစိုး (၁၂/ကမတ (နိုင်) ၀၀၂၂၉၁)၊ (၃) ဒေါ်သဇင်စိုး (၁၂/ကမတ (နိုင်) ၀၀၂၂၈၉) နှင့် (၄) ဒေါ်သီတာစိုး (၁၂/ကမတ (နိုင်) ၀၄၉၄၄၀) တို့ဖြစ်ကြောင်း၊ ဦးစိုးတင့် နှင့် ဇနီး (ခ) ဒေါ်မြင့်မြင့်သွယ် တို့သည် (၁၉၈၅/၁၉၈၆) ခုနှစ်တွင် တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ကြောင်း၊ ဦးစိုးတင့် သည် (၁၃-၁၂-၂၀၀၇) နေ့က ကွယ်လွန်အနိစ္စရောက်ခဲ့ကြောင်း၊ ကွယ်လွန်သူ ဦးစိုးတင့် ၏ နှစ် (၆၀) မြေငှားဂရန်အမည်ပေါက်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအမွေခန်းအရ သားသမီး (၄) ဦးတို့သာလျှင် တရားဝင်ဆက်ခံကြသူများဖြစ်ကြောင်း ညွှန်ကြားချက်အရ တုံ့ပြန်ရှင်းလင်းကြေညာအပ်ပါသည်။

၂။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၂) ရက်နေ့ထုတ်ကြေးမုံနေ့စဉ်ထုတ်သတင်းစာ၌ ကြေညာချက်ပြုသူ ဒေါ်သန္တာစိုး နှင့် တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခဲ့သူ တရားလွှတ်တော်ရှေ့နေများဖြစ်သည့် ဦးရွှေလှိုင်တင် (စဉ်-၁၀၆၈၃) နှင့် ဒေါ်ခင်အေးလှိုင် (စဉ်-၁၂၂၀၈) တို့အား ထပ်လောင်းသိစေအပ်သည်မှာ ဦးအောင်စိုးမြင့် (၁၂/ကမတ (နိုင်) ၀၁၈၄၉၅) ၏ Court Power of Attorney လွှဲအပ်ပေးထားသူ ဒေါ်စန္ဒာမိုး (၁၂/ကမတ (နိုင်) ၀၀၁၉၅၅) တို့အား တရားဝင်အသိပေးအကြောင်းကြားဆက်သွယ်ခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ လဲလှယ်ခြင်း၊ ပေးကမ်းခြင်းနှင့် မြေပုံမြေရာဇဝင်မိတ္တူမှန်ကူးယူခြင်း၊ အမည်ပြောင်းခြင်းတို့အား ပြုပိုင်ခွင့်မရှိပါကြောင်း ပြုလုပ်သူမည်သူ့ကိုမဆို ဥပဒေနှင့်အညီ မလွှဲမရှောင်သာအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အတိအလင်းထပ်လောင်းသိစေအပ်ပါသည်။

ညွှန်ကြားချက်အရ -

ဦးရာဇာဝင်း	ဦးသန်းထိုက်အောင်	ဦးတင်ထွန်းနိုင်
(စဉ် - ၁၄၃၁၇/၂၀၁၈)	(စဉ်-၁၈၅၇၇/၂၀၂၃)	(စဉ်-၅၆၁၂၈/၂၀၂၃)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ

အမှတ် (၆၀)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁၂၅၂၉၂၄၊ ၀၉-ရ၅၈၂၃၀၁၂၀၊ ၀၉-၄၂၉၆၂၀၁၉၀၊ ၀၉-ရ၉၆၆၄၉၉၈၁၊ ၀၉-ရ၉၆ရ၃၁၅၂၈

ကန့်ကွက်နိုင်ပါသည်။


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၉၊ မြေကွက်အမှတ်- ၉၄၈၊ ဧရိယာ- ၀. ၀၆၁ ဧက ရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၁၉) ရပ်ကွက်၊ မောင်းမကန်ကမ်းသာလမ်း နှင့် မာလာမြိုင် (၃) လမ်းထောင့်၊ အမှတ်- ၉၄၈ ဟုခေါ်တွင်သည့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ချတ္တာ (ခ) ဒေါ်မြမြဝင်း (၁၂/ကတတ (နိုင်) ၀၀၆၄၀၈) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ

ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)

တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဘောဂလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

တိုင်းရင်းသားရေးရာ အမှတ်(၁၆) ထွက်ပြီ
Ethnic Affairs (နိုဝင်ဘာ၊ ၂၀၂၄)



"သမိုင်းရေစီး ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ရိုးရာယဉ်ကျေးမှု"

၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၆)တွင်

- အရေးကြီးပြီ သွေးစည်းကြစို့
- အာခါရိုးရာ စပေါင်းဒန်းစီးပွဲတော် အတူဆင်နွှဲလို့ပျော်
- ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာကဗျာ စာပေအလင်္ကာများ
- မွန်သွေးမကင်းသည့် အနသုခမစာဆို ပညာရှင်များ(၃)
- အပြန်အလှန်အရေးထား လေးစားကြရမည်
- ပင်းယပြည်ထောင်စုစိတ်ဓာတ်
- မြို့ပြအမွေအနှစ်နှင့် တန်ဖိုး
- ရန်တွေငြိမ်းသတ်လို့ အတူလက်တွဲကြပါစို့

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
